ကြေးမုံ
The Mirror

၁၃၇၀ပြည့်နှစ်၊ ဦးတန်ခူးလပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့၊ (29-4-2008) (၅၆၆၃)

တပေါ်စ ဇတ် မဂ်လ မုတ္တမ်

ငြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
❁ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	❁ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	❁ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
❁ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

● အခြေခံဥပဒေအတည်ပြုရေးသည် ယနေ့ပြည်သူ အားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲ ပေးကြစို့။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တောင်ကြီးမြို့ စူဠာမုနိ လောကချမ်းသာ စေတီတော်ရှိ ကဿပဘုရား ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၂၈

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ရပ်စောက်မြို့နယ် ကျိုင်းခမ်းကျေးရွာအနီး၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၇)က တာဝန်ယူတည်ဆောက်လျက်ရှိသော ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းများကို မေ ၂၇ ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၉-၄-၂၀၀၈
(အင်္ဂါနေ့)

ဆည်တာတမံအသစ်များ တည်ဆောက်ဖွင့်လှစ် နွေစပါးနှင့် သီးနှံစုံအထွက်တိုးရေး တိုးချဲ့စိုက်ပျိုး

နိုင်ငံတော်က စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိက လိုအပ်သည့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ဒေသ၏ ရေ မြေ အခြေအနေပေးမှုနှင့်အညီ တည်ဆောက်ဖော်ဆောင်ပေးနေသည်။

စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းစသည့် အပူပိုင်းဒေသ ရေရှားပါးသောနေရာများတွင် ဆည်တမံ စီမံကိန်းများနှင့်အတူ မြေအောက် ရေရရှိရေး အစီအမံများ၊ ရေပေးတူးမြောင်းများကို နှစ်စဉ်တိုး၍ တည်ဆောက်ဖောက်လုပ် ပေးလျက်ရှိရာ စပါး၊ ဝါ၊ ကြံ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်သည်။

ယခုတစ်ဖန် နေပြည်တော်ပျဉ်းမနားမြို့နယ် တောက်ပြိုချောင်းပေါ်၌ တည်ဆောက်ထားသည့် တောက်ပြို ရေလှောင်တမံကို ဧပြီလ ၂၇ ရက်နေ့က ထပ်မံဖွင့်လှစ်လိုက်ပြန်သည်။ အဆိုပါရေလှောင်တမံသည် နိုင်ငံတော်၏(၂၁၀)မြောက် ဆည်မြောင်းစီမံကိန်းဖြစ်သကဲ့သို့ နေပြည်တော်အတွင်း၌ တည်ဆောက်ပေးထားသော ၂၇ ခုမြောက် ရေလှောင်တမံလည်းဖြစ်သည်။

တောက်ပြိုရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး ရေသိုလှောင်နိုင်မှုပမာဏ ဧကပေ ၂၅၀၀ ရှိသည်။ လယ်မြေဧက ၃၀၀ သို့ ဆည်ရေပေးဝေနိုင်တော့မည်ဖြစ်ရာ ဆည်ရေအသုံးပြု၍ နွေစပါးနှင့် အခြားသီးနှံများပါ တိုးချဲ့စိုက်ပျိုးလာနိုင်ကြမည်ဖြစ်သည်။

နိုင်ငံတော်က ဆည်တမံ၊ ရေထိန်းတံခါး၊ ရေပေးတူးမြောင်းများကို နိုင်ငံတစ်ဝန်း တိုးတက်တည်ဆောက်ပေးထားမှုကြောင့် ရေသွင်းစိုက်ပျိုးနိုင်သည့် ဧရိယာများပြားလာပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှုလည်း တိုးတက်လာလျက်ရှိသည်။ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်၍ လူနေမှု အဆင့်အတန်းပါ မြင့်မားလာနေပြီဖြစ်သည်။

ယခုအခါ နိုင်ငံအတွင်း သီးနှံအသားတင်စိုက် ဧရိယာဧက ၂၈ သန်းကျော်ရှိသည့်အနက် ရေသွင်းစိုက်ပျိုးသောဧရိယာ ဧကငါးသန်းကျော်အထိ ရှိနေပြီဖြစ်သည်။ တောင်သူလယ်သမားများနှင့် ဒေသခံပြည်သူများအနေဖြင့် ဆည်ရေကို အကျိုးရှိရှိ အသုံးပြုပြီး စပါးနှင့် ရာသီသီးနှံများ ပိုမိုတိုးချဲ့ စိုက်ပျိုးကြရုံမျှမက ရေပေးတူးမြောင်းများ၊ ရေဝေရေလဲ သစ်တောသစ်ပင်များ ထာဝရ စိမ်းလန်းစိုပြည်နေစေရေး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည် ဖြစ်ပါသည်။ ။

မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတောင်ဘက်စောင်းတန်းတည်ဆောက်ရန်အတွက် တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက်၊ မင်းခေါင်(၁)လမ်းနေ အလက်ာကျော်စွာ စောင်းဦးဘသန်း၊ ကျောက်ပန်းတောင်း ဒေါ်ထိပ်တင်မကြီး အမှူးထား၍ ဦးအောင်ကြီး- ဒေါ်ထိပ်တင်သန်းဆွေ မိသားစုက အလှူငွေကျပ် ၂၀၀၀၀၀ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးဘချို၊ ဦးမောင်လှိုင်၊ ဦးသိန်းထွန်းနှင့် ဦးထွန်းတို့ လက်ခံရယူစဉ်။
(ကြေးမုံ)

စွန်းလွန်း အဘိဓမ္မာ၊ ပဋ္ဌာန်းသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်တိုင်းသဃ်န်းကျွန်းမြို့နယ် ၁၆/၂ရပ်ကွက် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၌ မေ ၃ရက်(စနေနေ့)မှ စ၍အခြေခံအဘိဓမ္မာနှင့် ပဋ္ဌာန်းသင်တန်းများကို စွန်းလွန်းတိပိဋကဆရာတော်ဦးဆောင်လျက် သင်ကြားပို့ချမည်ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း-၅၆၄၆၅၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။
(က-ပ)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သုံးခွမြို့နယ် ထုံးကြီးကျေးရွာနှင့် သိုက်တူးကန်စံပြကျေးရွာတို့မှ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ

ရန်ကုန် ဧပြီ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၇ရက် နံနက်ပိုင်းတွင် ရန်ကုန် တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ထုံးကြီးကျေးရွာသို့ရောက်ရှိပြီး ထုံးကြီး အရှေ့ကျောင်းတိုက်၌ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ပညာစက္ကအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများကိုလျှောက်ထားကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကျောင်းတိုက်ဓမ္မာရုံ၌ ထုံးကြီး၊ ကတုံးပေါ် အလယ်ကျေးရွာ၊ ဇွဲထော်၊ ကျောင်းစုပတုတ်ကျေးရွာ အပါအဝင် ကျေးရွာအုပ်စု ၁၀အုပ်စုမှ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအားတွေ့ဆုံ၍ နိုင်ငံတော်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ကျေးလက်ပညာရည်မြင့်မားရေးအတွက် ကတုံးပေါ်အလယ်ကျေးရွာ၊ ဇွဲထော်ကျေးရွာနှင့် ကျောင်းစုပတုတ် ကျေးရွာများမှ အခြေခံပညာကျောင်းများအတွက် ကွန်ပျူတာ တစ်လုံးစီနှင့် ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများကို လည်းကောင်း၊ လက်ပံကျိုး - အောင်သာဒန်းလမ်းအတွက် အလှူငွေ ကျပ်တစ်သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် သုံးခွမြို့နယ် သိုက်တူးကန်စံပြကျေးရွာသို့ ရောက်ရှိပြီး အခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ သိုက်တူးကန် စံပြကျေးရွာအပါအဝင် ကျေးရွာအုပ်စု ၁၀စုမှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကာ ကျေးလက်ပညာရည်မြင့်မားရေးအတွက် ပျဉ်းမကန် ကျေးရွာနှင့် သိုက်တူးကန် စံပြကျေးရွာများရှိ အခြေခံပညာ အထက်တန်းကျောင်းများအတွက် ကွန်ပျူတာတစ်လုံးစီနှင့် ကျောင်း စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများကို ပေးအပ်လှူဒါန်းသည်။
(သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သိုက်တူးကန်စံပြကျေးရွာ၌ ကျေးရွာအုပ်စု ၁၀အုပ်စုမှ လူမှုရေးအသင်းအဖွဲ့ ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် (၂)လမ်းရှိ ရတနာမဋ္ဌုဓမ္မရိပ်သာကျောင်းတိုက်အတွင်း ဆောက်လုပ်ဆဲ စိတ္တဝိဝေကလေးထပ်ကျောင်းဆောင်တော်ကြီးအတွက် လမ်းမတော် ဒိုင်းမွန်း အချိုရည်စက်ရုံ ဝါးတန်းလမ်းမှ ဦးခင်မောင်မြင့်-ဒေါ်ဝင်းကြည်၊ သမီး-အိဇာမြင့် မိသားစုက ဒုတိယအကြိမ် အလှူငွေကျပ် ၁၀သိန်းကို ဆရာတော် ကမ္မဋ္ဌာနာစရိယ ဇေယျာနန္ဒ(ပုဂံ) ရှေ့မှောက်၌ လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေးကော်မတီ နာယက ဦးမျိုးဝေလက်ခံ၍ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။
(က-ပ)

ဒေးစွန်ပါဆံတော်ရှင်စေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူပြီးစီးခြင်း ရေစက်ချမင်္ဂလာကျင်းပမည်

ရန်ကုန် ဧပြီ ၂၈

ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာရှိ ဒေးစွန်ပါဆံတော်ရှင်စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းမှု ပြီးမြောက်ခြင်း အထိမ်းအမှတ်၊ စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်နှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို အဆိုပါစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ မေ ၄ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည် ဖြစ်သည်။

အဆိုပါ အလှူတော်မင်္ဂလာ အခမ်းအနားသို့ ဒေးစွန်ပါစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ဆရာတော်များ၊ ပဲခူးမြို့နယ် သံဃနာယကအဖွဲ့ဝင် ဆရာတော်များ ကြွရောက်မည်ဖြစ်ရာ အလှူရှင်များနှင့် ဒါယကာ၊ ဒါယိကာမများ ကြွရောက်ဖူးမြော်ကြည်ညိုလှူဒါန်းနိုင်ပြီး အလှူတော်မင်္ဂလာပွဲ အထိမ်းအမှတ်အဖြစ် မေ ၄ ရက်နှင့် ၅ ရက် ည တို့တွင် ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင် ကောင်းကျော်တို့အဖွဲ့၏ အငြိမ့်ဖြင့် ဖျော်ဖြေ တင်ဆက်မည်ဖြစ်သည်။

ဒေးစွန်ပါဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ရေစက်ချမင်္ဂလာ ဖိတ်စာများကို ပေးပို့ထားပြီးဖြစ်ရာ အလှူရှင်များအနေဖြင့် ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကြွရောက် ကြည်ညိုကြရန်နှင့် အသေးစိတ်သိရှိလိုပါက ဘေးမဲ့ကျိုက်စွန်ပါ ဆရာတော် ဘဒ္ဒန္တကောသိကသိဒ္ဓိ ဖုန်း-၀၉-၅၁၇၇၆၅၄သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၂)ရပ်ကွက်နေ ဒေါ်အုန်းမေ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့် လက်ခံယူစဉ်။
(က-ပ)

ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲများ ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ မြို့နယ်(၇)မြို့နယ်တို့၌ကျင်းပ

ရန်ကုန် ဧပြီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ မြို့နယ်(၇)မြို့နယ် သတ်မှတ်နေရာအသီးသီး၌ ကျင်းပကြသည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာများကို တာမွေမြို့နယ် လမ်းငါးခွဆုံ၌လည်းကောင်း၊ ရန်ကင်းမြို့နယ် ဆရာစံလမ်းရှိ ရန်ကင်းစင်တာရှေ့၌ လည်းကောင်း၊ သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ သုဝဏ္ဏ အားကစားကွင်း ရှေ့၌လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဒဂုံမြို့သစ်တောင်/မြောက်လမ်းဆုံ၌ လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းမကြီးနှင့် ပင်လုံလမ်းဆုံ၌ လည်းကောင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရာဇာဓိရာဇ်လမ်းနှင့် အနော်ရထာလမ်းဆုံ၌ လည်းကောင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ယုဇနဥယျာဉ်မြို့ ဈေးအနီး၌လည်းကောင်း စိုက်ထူကြသည်။

“မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီ မရနိုင်၊ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်၊ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရ နိုင်သည်”၊“ဒို့အနာဂတ် ဒို့ဖန်တီးဖို့၊အခြေခံဥပဒေ အတည်ပြုစို့”၊“မျိုးချစ် စိတ်ဓာတ်ထက်သန်သူတိုင်း၊ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း၊အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကိုလိုလားသူတိုင်း၊ နယ်ချဲ့စွက်ဖက်မှုနှင့်နယ်ချဲ့သြဇာခံ အဖြစ်ကို မလိုလားသူတိုင်း၊ နယ်ချဲ့ကြိုးဆွဲရာ ကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို တစ်ခဲနက် ထောက်ခံမဲ ပေးကြစို့.” နှင့် **“အခြေခံဥပဒေ အတည်ပြုရေးသည် ယနေ့ပြည်သူ အားလုံး၏ အမျိုးသားရေး တာဝန် ဖြစ်သည်၊ အမျိုးသားရေး အကျိုး လိုလားသူတိုင်း ထောက်ခံမဲ ပေးကြစို့.”** ဟူသော မြေစိုက်ပိုစတာများကို ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းစိုက်ထူခဲ့ကြသည်။ (သတင်းစဉ်)

အမြတ်တရားလေးပါး

ကျန်းမာခြင်းသည် မြတ်သောလာဘ်ကြီးဖြစ်သည်။
ရောင့်ရဲခြင်းသည် မြတ်သောကိုယ်ပိုင်ဥစ္စာဖြစ်သည်။
ချစ်ကျွမ်းဝင်သူသည် မြတ်သောဆွေမျိုးဖြစ်သည်။
နိဗ္ဗာန်သည် မြတ်သောချမ်းသာဖြစ်သည်။

(ဓမ္မပဒ ၂၀၄)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်း သုဝဏ္ဏ အားကစားကွင်းရှေ့ ၌ မြေစိုက်ပိုစတာစိုက်ထူစဉ်။ (သတင်းစဉ်)

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနား စစ်တွေမြို့၌ ကျင်းပ

ရန်ကုန် ဧပြီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ (ဝဲပုံ)

စုပေါင်းစိုက်ထူ

အစီအစဉ်အရ စစ်တွေမြို့လမ်းမကြီးနှင့်မေယုလမ်းဆုံ နာရီစင်အဝိုင်းရှေ့တွင် **“အခြေခံဥပဒေအတည်ပြုရေးသည် ယနေ့ပြည်သူအားလုံး၏ အမျိုးသားရေး တာဝန်ဖြစ်သည်၊ အမျိုးသားရေးအကျိုးလိုလားသူတိုင်း ထောက်ခံမဲပေးကြစို့”** ဟူသော မြေစိုက်ပိုစတာကို လည်းကောင်း၊ စစ်တွေမြို့မေယုလမ်းနှင့်စက်ရုံစုလမ်းထောင့်တွင် **“ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေအတည်ပြုစို့”**ဟူသောမြေစိုက်ပိုစတာကိုလည်းကောင်း၊ စစ်တွေမြို့ကမ်းနားလမ်းနှင့် အကောက်ရုံးလမ်းထောင့်တွင် **“မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်၊ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်၊ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်”** ဟူသော မြေစိုက်ပိုစတာကို လည်းကောင်း၊ စစ်တွေ မြို့ လမ်းမကြီးနှင့်ကမ်းနားလမ်းထောင့်တွင် **“မျိုးချစ်စိတ်ဓာတ်ထက်သန်သူတိုင်း၊ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း၊ နယ်ချဲ့ စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ် မလိုလားသူတိုင်း၊ နယ်ချဲ့ကြိုးဆွဲရာ ကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာ မည်ကို လက်မခံနိုင်သူတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့”** ဟူသော မြေစိုက်ပိုစတာကိုလည်းကောင်း အစိုးရဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့များက စုပေါင်းစိုက်ထူခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲ တောင်ငူမြို့၌ကျင်းပ

ရန်ကုန် ဧပြီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားကို ဧပြီ ၂၇ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း တောင်ငူမြို့ရှိ သတ်မှတ်နေရာ အသီးသီး၌ ကျင်းပကြသည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာများကို တောင်ငူမြို့ ရန်ကုန်-မန္တလေး ကားလမ်းမကြီးဘေးရှိ မိုင်ဒါကွင်း၌ လည်းကောင်း၊ ရန်ကုန်-မန္တလေး ကားလမ်းမကြီးဘေးရှိ ဓာတုကလျာပန်းခြံ၌ လည်းကောင်း၊ (၁၅)ရပ်ကွက် ဈေးလမ်းနှင့် လမ်းမကျယ်ထောင့်၌ လည်းကောင်း စိုက်ထူခဲ့ကြသည်။

“အခြေခံဥပဒေအတည်ပြုရေးသည် ယနေ့ ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန် ဖြစ်သည်၊ အမျိုးသားရေး အကျိုးလိုလားသူတိုင်းထောက်ခံမဲပေးကြစို့.”၊ “ဒို့အနာဂတ်ဒို့ဖန်တီးဖို့ အခြေခံဥပဒေအတည်ပြုစို့.”“မျိုးချစ် စိတ်ဓာတ်ထက်သန်သူတိုင်း၊ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကိုလိုလားသူတိုင်း၊ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကိုမလိုလားသူတိုင်း၊ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရပေါ်ပေါက်လာမည်ကိုလက်မခံနိုင်သူတိုင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံ မဲပေးကြစို့.”နှင့်“မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်၊ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်၊ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်” ဟူသော မြေစိုက် ပိုစတာများကို ဌာနဆိုင်ရာများ၊ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက ဝိုင်းဝန်းစိုက်ထူခဲ့ကြကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားကို ပဲခူးတိုင်း တောင်ငူမြို့၌ ကျင်းပစဉ်။ (သတင်းစဉ်)

● အခြေခံဥပဒေ အတည်ပြုရေး မဲရုံသွား၍ ထောက်ခံမဲပေး။

ဦးလည်မသုန် ထမ်းပါကုန်အံ့

ကျော်မင်းအေး

ရဟန်းမှာ ဝိနည်း၊ ရွာကြီးမှာ စည်းရိုး၊ လူမျိုးမှာစည်းကမ်း ဆိုသလိုပဲ အချုပ်အခြာအာဏာပိုင်နိုင်ငံတိုင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရှိကြတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံအတွင်းမှာရှိတဲ့ ဥပဒေအားလုံးရဲ့ အခြေခံဖြစ်တယ်။

ဥပဒေပြုရာမှာ ဖြစ်စေ၊ အုပ်ချုပ်ရာမှာ ဖြစ်စေ၊ တရားစီရင်ရာမှာ ဖြစ်စေ၊ စည်းလွတ်ဝါးလွတ်မဖြစ်အောင်၊ ထင်ရာ မစိုင်းနိုင်အောင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ အခြေခံမူများနဲ့အညီ အလေးဂရုပြုဆောင်ရွက်ရတယ်။

တည်ဆဲဥပဒေတွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မဆန့်ကျင်သမျှ အတည်ဖြစ်တယ်။ တည်ဆဲဥပဒေတွေကိုအခြေခံဥပဒေအရ ပေါ်ပေါက်လာတဲ့ ပြည်ထောင်စုလွှတ်တော်ကသာ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းပြုလုပ်နိုင်တယ်။

တည်ဆဲနည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊အမိန့်ညွှန်ကြားချက်နဲ့ လုပ်ထုံးလုပ်နည်းတွေဟာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မဆန့်ကျင်သမျှ အတည်ဖြစ်တယ်။ အဲဒါတွေကို အခြေခံဥပဒေအရပေါ်ပေါက်လာတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ကပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းပြုလုပ်နိုင်တယ်။ ဥပဒေပြုအဖွဲ့အဆင့်ဆင့်က ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့ ဆန့်ကျင်နေရင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာကျင့်သုံးရမှာဖြစ်တယ်။

ဖော်ပြပါ အကြောင်းခြင်းရာတွေက ဘာကိုဆိုလိုနေသလဲ။(No man is above the law)ဥပဒေ၏ အထက်တွင် မည်သူမျှမရှိဆိုတာကို ပြဆိုနေတာပါပဲ။ ဘယ်သူမဆို ဥပဒေရဲ့ အထက်မှာ မည်သူမျှမရှိစေချင်ဘူး။ ဘယ်သူမဆို ဥပဒေအရာမှာ တန်းတူညီမျှ အခွင့်အရေး ရချင်ကြတယ်။ ဥပဒေရဲ့ အကာအကွယ်ကိုလည်း ခွင့်တူညီမျှ ရယူလိုကြတယ်။

ဥပဒေရဲ့ အထက်မှာ ဘယ်သူမှ မရှိအောင်၊ ဥပဒေအရာမှာ တန်းတူညီမျှရရှိအောင်၊ ဥပဒေရဲ့ အကာအကွယ်ကို ခွင့်တူညီမျှ ခံယူနိုင်အောင် ဘယ်ပုဂ္ဂိုလ်၊ ဘယ်ပါတီ၊ ဘယ်အဖွဲ့အစည်းကမှ အာမခံချက်ပေးနိုင်မှာ မဟုတ်ဘူး။

အာမခံချက် အခိုင်အမာပေးနိုင်တဲ့ တစ်ခုတည်းသောအရာက ဖွဲ့စည်းပုံအခြေခံဥပဒေပဲဖြစ်တယ်။ ဒီလောက်နဲ့တင်အခြေခံဥပဒေမရှိခြင်းရဲ့ အဖြစ်နဲ့ အခြေခံဥပဒေရှိခြင်းရဲ့ အကျိုးကိုနားလည်သဘောပေါက်နိုင်ပါလိမ့်မယ်။ ဒါကြောင့်မို့ အခြေခံဥပဒေဆိုတာ မရှိ မကောင်း၊ ရှိမှကောင်းမယ်။ အခြေခံဥပဒေဆိုတာ မရှိမဖြစ်၊ ရှိမှဖြစ်မယ် လို့ ဆိုချင်ပါတယ်။

ထို့အတူပဲ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်တာနဲ့ အမျှ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်ကြောင်း အာမခံနိုင်လိမ့်မယ်။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်လာလိမ့်မယ်။ ဈေးကွက်စီးပွားရေးစနစ်ကိုလည်း ပီပီပြင်ပြင် ဖော်ဆောင်ကျင့်သုံးနိုင်ကြပေလိမ့်မယ်။ လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးဝါဒကိုလည်း ဆက်လက်ကျင့်သုံးနိုင်မှာဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံအတည်ပြုလိုက်တာနဲ့ မြန်မာနိုင်ငံသားတိုင်းဟာ ဥပဒေနဲ့အညီ ရွေးကောက် တင်မြှောက်ခွင့်တွေ ရလာမှာဖြစ်တယ်။ မိမိကိုယ်တိုင်လည်း ဥပဒေနဲ့အညီ ရွေးကောက်ပွဲဝင်လို့ရလာပေလိမ့်မယ်။ သဘောကတော့ ဝါသနာပါရင် နိုင်ငံရေးကို တရားဝင်လုပ်လို့ရလာမယ်၊ ဥပဒေနဲ့အညီ နိုင်ငံရေးပါတီတွေ ထူထောင်ခွင့်ရလာ မယ်၊ ရွေးကောက်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ခွင့်တွေရလာမယ်။ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်တွေ ရရှိလာပါလိမ့်မယ်။

တောင်သူလယ်သမားတွေရဲ့ အခွင့်အရေးနဲ့ အလုပ်သမားတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ဖို့ လိုအပ်တဲ့ ဥပဒေတွေကို ပြဋ္ဌာန်းဆောင်ရွက်ခွင့် ပေးထားပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေရဲ့ လုပ်ငန်းခွင် အာမခံချက် ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အိမ်ထောင်ရှင်အမျိုးသမီးဝန်ထမ်းများ မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်ရရှိရေးနဲ့ အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှုသက်သာချောင်ချိရေးအတွက် လိုအပ်တဲ့ ဥပဒေတွေ ပြဋ္ဌာန်းပေးသွားမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေက စီးပွားရေးဆိုင်ရာ လုပ်ငန်းတွေကို နိုင်ငံပိုင်သိမ်းခွင့်မပြုဘူးလို့ အာမခံချက် ပေးထားတယ်။ တရားဝင်ထုတ်ဝေထားတဲ့ ငွေကြေးကိုလည်း တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြုဘူးလို့လည်း ကတိပေးထားတယ်။ အများပြည်သူတို့ရဲ့ နေထိုင်မှုအဆင့်အတန်းမြှင့်တင်ပေးဖို့၊ အထွေထွေအရင်းအနှီးတွေ တိုးတက်ဖွံ့ဖြိုးစေဖို့ ရှေးရှုဆောင်ရွက်ပေးသွားပါလိမ့်မယ်။ ပြည်သူတွေ အလုပ်လက်မဲ့နည်းပါးအောင် တတ်နိုင်သမျှကူညီဆောင်ရွက်ပေးသွားမှာလည်းဖြစ်ပါတယ်။ စက်မှုလက်မှုလုပ်ငန်းတွေ ပိုမိုတိုးတက်ဖွံ့ဖြိုးအောင်လိုအပ်တဲ့နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိတာတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးသွားပါလိမ့်မယ်။

ဒါတွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံအတည်ပြုခြင်းကြောင့်ရရှိလာမယ့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာအကျိုးခံစားခွင့်တွေထဲက ကောက်နုတ်ပြီးထင်သာမြင်သာအောင်ဖော်ပြထားသမျှသာဖြစ်တယ်။ အခြေခံဥပဒေမူကြမ်းကို ထဲထဲဝင်ဝင်၊ ခြေခြေမြစ်မြစ်လေ့လာလေလေ၊ အကျိုးခံစားခွင့်တွေ တွေ့လေလေ လို့ဆိုပါရစေ။

တကယ်လို့များ အခန်း(၈)နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းမှာ ပေးအပ်ထားတဲ့ အခွင့်အရေး တစ်ရပ်ရပ်ကို အကြောင်းကြောင်းကြောင့်မရဘူးလို့ယူဆရင်လည်း ရယူလိုကြောင်း သတ်မှတ်ချက်တွေနဲ့အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့လျှောက်ထားပိုင်ခွင့်ရှိပါတယ်။ လျှောက်ထားနိုင်ဖို့ အခွင့်အရေးပေးထားပါတယ်။

မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ(၁၀၀)ကျော် စုပေါင်းနေထိုင်တဲ့ နိုင်ငံဖြစ်တယ်။ စုပေါင်းနေထိုင်တယ်ဆိုတဲ့အတိုင်း ရှေးနှစ်ပေါင်း ၁၀၀၀ကျော်ကတည်းက နိုင်ငံအနှံ့မှာ နယ်နိမိတ်အကန့်အသတ်မထားဘဲ ခြေဆန့်နေထိုင်လာခဲ့ကြတယ်။ ယခု အခြေခံဥပဒေကလည်း နိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသမှာမဆို နိုင်ငံသား(တိုင်းရင်းသား) တိုင်းကို ဥပဒေနဲ့အညီ အခြေစိုက်နေထိုင်ခွင့်ပြုထားတယ်။

အဲဒီလို နေထိုင်မှုကြောင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အတွင်းမှာ လူနည်းစုဖြစ်လို့ အားငယ်စရာမရှိပါဘူး။ မြန်မာတိုင်းရင်းသားအားလုံးဟာ မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကြီးမားသူများဖြစ်တယ်။ မြန်မာတိုင်းရင်းသားတွေဟာ မွေးရာပါ ဒီမိုကရေစီဗီဇပါသူများ (Born Democratic)ဖြစ်ကြတယ်။ လူမျိုးအရ၊ လိင်အရ၊ ဇာတ်အနိမ့်အမြင့်အရ ခွဲခြားဆက်ဆံမှုမပြုသူများလည်းဖြစ်ပါတယ်။

ဒါကြောင့်မို့ ဘယ်ပြည်နယ်၊ တိုင်းကိုသွားသွား တိုင်းရင်းသားလူမျိုးတွေ အနည်းအများပြန့်ကျဲပြီး ဒေသနေတိုင်းရင်းသားတွေနဲ့စုပေါင်းနေထိုင်လျက်ရှိတာတွေ့ရပါလိမ့်မယ်။ ရှေးအစဉ်အဆက်က ယနေ့အထိ ချစ်ကြည်ရင်းနှီးမှုမပျက်ခိုင်ခိုင်မြဲနေတာပါ။

အခုဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ရှိရင်းစွဲ တိုင်း(၇)ခုကို တိုင်းဒေသကြီး(၇)ခုအဖြစ် ဆက်လက်သတ်မှတ်ထားသလို ရှိရင်းစွဲ ပြည်နယ်(၇) ပြည်နယ်ကို ပြည်နယ်(၇)ပြည်နယ်အဖြစ် ဆက်လက် သတ်မှတ်ထားတယ်။ ၎င်းတို့ရဲ့အမည်တွေကိုလည်း ရှိရင်းစွဲအတိုင်း ခေါ်ဆိုထားတယ်။ ဒါ့အပြင် နာဂ၊ဓနု၊ပအိုဝ်း၊ပလောင်၊ကိုးကန့် တိုင်းရင်းသားတွေ အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသီးသီးနဲ့ “ဝ” တိုင်းရင်းသားတွေအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဖြစ် စံနှုန်း(၃) ရပ်နဲ့အညီ သတ်မှတ်ဖွဲ့စည်းထားတယ်။ အဲဒီကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (၁)ခုနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၅)ခုဖွဲ့စည်းမှုဟာ အခြေခံဥပဒေကို အတည်ပြု မှသာ ဖြစ်တည်လာပါလိမ့်မယ်။

အလားတူပဲ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အတွင်းမှာ နေထိုင်ပြီး တိုင်းဒေသကြီး/ပြည်နယ်မရရှိကြသေးတဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသမရရှိကြတဲ့ တိုင်းရင်းသားလူနည်းစုတွေအနေနဲ့ လူနည်းစုဖြစ်လို့ အားငယ်စရာမဖြစ်ရအောင် အခုအခြေခံဥပဒေက ဖြည့်ဆည်းပေးထားတဲ့ ပြဋ္ဌာန်းချက်တွေလည်း ပါရှိနေပါသေးတယ်။ အကယ်လို့သာ အဲဒီတိုင်းရင်းသားတွေရဲ့နေထိုင်မှု လူဦးရေဟာ နိုင်ငံလူဦးရေရဲ့ ဝ ဒသမ ၁ ရာခိုင်နှုန်းနဲ့ အထက်ရှိနေမယ်ဆိုရင် တိုင်းရင်းသားလူမျိုးအသီးသီးအနေနဲ့ လူမျိုးတစ်မျိုးလျှင် တစ်ဦးကျ ရွေးကောက်တင်မြှောက်တဲ့ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နေရာကို ရရှိကြမှာဖြစ်ပါတယ်။ အဲဒီကိုယ်စားလှယ်ဟာ သက်ဆိုင်ရာ ဥပဒေပြုအဖွဲ့ (တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်)မှာ ပါဝင် ဥပဒေပြုခွင့်ရမှာဖြစ်သလို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ (တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့)မှာ တိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ပါဝင်အုပ်ချုပ်ခွင့်လည်း ရရှိမှာဖြစ်ပါတယ်။

အဲဒါတွေအားလုံးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုနိုင်မှ ရရှိလာမယ့် လက်ငင်းလက်တွေ့အခွင့်အရေးတွေပါ။ ဒါကြောင့်မို့ **ဖွဲ့စည်းပုံ အခြေခံဥပဒေအတည်ပြုရေးဟာ ယနေ့ တိုင်းရင်းသားပြည်သူအားလုံးရဲ့ အမျိုးသားရေးတာဝန်ဖြစ်တယ်ဆိုတာ အလွန်ပင်သိသာထင်ရှားနေပါပြီ။ အမျိုးသားရေးအကျိုးလိုလားသူတိုင်း၊ မိမိတို့ရဲ့ အနာဂတ်ကို မိမိတို့ ကိုယ်တိုင်ဖန်တီးလိုသူတိုင်း အခြေခံဥပဒေမူကြမ်း အတည်ပြုနိုင်ရေးအတွက် ထောက်ခံမဲပေးရတဲ့အဓိပ္ပာယ်ကို သိရှိနားလည်ကြမယ်လို့ ယူဆပါတယ်။**

တစ်ခါတုန်းက ရိုးသားဖြူစင်တဲ့ လူတစ်ယောက်ဟာ လက်ဆောင်ရတဲ့ ဆိတ်တစ်ကောင်ကို ထမ်းပြီး အိမ်ပြန်လာသတဲ့။မသမာသူလူလိမ်သုံးဦးဟာအဲဒီဆိတ်ကို မတရားလိုချင်တာနဲ့ ခရီးလမ်းအဆင့်ဆင့်ကနေ တစ်ဦးကအဆွေတော် အဘယ့်ကြောင့် ခွေးကို ထမ်းလာရတာလဲလို့ မေးတယ်။ နောက်တစ်ဦးကလည်း မိတ်ဆွေဘာကြောင့် နွားသေကလေးကို ထမ်းလာရသလဲလို့ဆိုတယ်။ ကျန်တစ်ဦးကလည်း ရောင်းရင်းဘာဖြစ်လို့မြည်းကို ထမ်းလာရသလဲလို့ ပြောတယ်။ အဲဒီလို အကြိမ်ကြိမ်အထပ်ထပ် မဟုတ်မမှန် လုပ်ကြံပြောဆိုမှုဒဏ်ကြောင့် ရိုးသားဖြူစင်သူ လူဟာ သူထမ်းလာတဲ့ ဆိတ်ကို ဆိတ်ဟုမမြင်တော့ဘဲ အသွင်အမျိုးမျိုးပြောင်းတဲ့ မကောင်းဆိုးဝါးများ ဖြစ်လေမလားလို့ ယုံမှားသံသယစိတ်နဲ့ ဆိတ်ကို ပစ်ချထွက်ပြေးသွားတယ်။ အဲဒီတော့မှ လူလိမ်လူညာ သုံးဦးဟာ ဆိတ်ကို ဖမ်းယူကြပါသတဲ့။ အဲဒီပုံပြင်လေးကို ဆောင်းပါးတစ်ပုဒ်ထဲမှာ ဖတ်ဖူးလိုက်တာပါ။

မိမိတို့တိုင်းရင်းသားပြည်သူများ သယ်ပိုးလာခဲ့သည်မှာ ပုံပြင်ထဲကလို ဆိတ်ပင်မဟုတ်ချေ။ သားရွှေအိုးထမ်း အပြန်လမ်း စင်စစ်ဧကန်ဖြစ်ပါတယ်။ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ကိုယ်စားပြုထားတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ဖို့ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်လာခဲ့တာပါ။ ဒါကြောင့်မို့ ဦးလည်မသုန် ထမ်းပါကုန်လော့ လို့သာ ဆက်လက်တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

ဥပဒေရဲ့ အထက်မှာ ဘယ်သူမှ မရှိအောင်၊ ဥပဒေအရာမှာ တန်းတူညီမျှ ရရှိအောင်၊ ဥပဒေရဲ့ အကာအကွယ်ကို ခွင့်တူညီမျှ ခံယူနိုင်အောင် ဘယ်ပုဂ္ဂိုလ်၊ ဘယ်ပါတီ၊ ဘယ်အဖွဲ့အစည်းကမှ အာမခံချက်ပေးနိုင်မှာ မဟုတ်ဘူး။

အာမခံချက် အခိုင်အမာပေးနိုင်တဲ့ တစ်ခုတည်းသောအရာက ဖွဲ့စည်းပုံအခြေခံဥပဒေပဲဖြစ်တယ်။ ဒီလောက်နဲ့တင် အခြေခံဥပဒေ မရှိခြင်းရဲ့ အဖြစ်နဲ့ အခြေခံဥပဒေရှိခြင်းရဲ့ အကျိုးကို နားလည်သဘောပေါက်နိုင် ပါလိမ့်မယ်။ ဒါကြောင့်မို့ အခြေခံဥပဒေဆိုတာ မရှိမကောင်း၊ ရှိမှကောင်းမယ်။ အခြေခံဥပဒေဆိုတာ မရှိမဖြစ်၊ ရှိမှဖြစ်မယ်လို့ ဆိုချင်ပါတယ်။

● အခြေခံဥပဒေ အတည်ပြုဖို့ မဲရုံသွား၍ မဲပေးစို့။

သဘာပတိ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ခင်စောနှင်း မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး စတင်ကျင်းပ

နေပြည်တော် ဧပြီ ၂၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်လယ်ဝေးရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ စတင်ကျင်းပသည်။

နှစ်ပတ်လည် အစည်းအဝေးသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ခင်စောနှင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာဒေါ်တင်လင်းမြင့်နှင့်ဒေါ်အေးအေး၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ခင်စောနှင်းက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာဒေါ်သိန်းသိန်းငွေက ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးအနေဖြင့် မိမိတို့အသင်းကြီး၏ ရည်မှန်းချက်များနှင့်အညီ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် အမျိုးသမီးနှင့် ကလေးများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို အောင်အောင်မြင်မြင် ဆောင်ရွက်ရင်းနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင်ပါ အခြားသော လူမှုရေး အဖွဲ့အစည်းများနှင့်အတူ ပါဝင်လက်တွဲ ကြိုးပမ်းဆောင်ရွက်လာခဲ့ကြသည်မှာ ယခုဆိုလျှင်အသင်းကြီး၏သက်တမ်း (၁၇)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း။

ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသူ နိုင်ငံသားပြည်သူများ၏ အားထုတ်ကြိုးပမ်းမှုဖြင့်သာ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်းတိုးတက်ဖြစ်ထွန်းစေရမည်ဆိုသည့် ခံယူချက်ဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်မျိုးသားလုံးက ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြစေဖို့ အားပေးဆောင်ရွက်နေချိန်ဖြစ်ကြောင်း။

ဤလိုအချိန်အခါမျိုးတွင် နိုင်ငံတော်အစိုးရ ဝန်ကြီးဌာနများ၏ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများတွင်ပြည်သူများကိုယ်တိုင်ပါဝင်သည့် လူမှုရေးအသင်းအဖွဲ့များကို ဆိုင်ရာဆိုင်ရာကဏ္ဍများအလိုက် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်စေရန် စီမံဆောင်ရွက်ပေးလျက်ရှိရာတွင် မိမိတို့အသင်းကြီးအနေဖြင့်ထိုက်တန်သည့် နေရာကနေ တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းဆောင်ရွက်နေခြင်းသည် နိုင်ငံတော်၏ ရည်မှန်းချက်များကို များစွာအထောက်အကူဖြစ်စေလျက်ရှိကြောင်း။

ယနေ့အချိန်အခါတွင် မိမိတို့အသင်းကြီးအနေဖြင့်ပြည်နယ်၊တိုင်း၊ မြို့နယ်မှသည် ရပ်ကွက်၊ ကျေးရွာအဆင့်ထိ အသင်းခွဲပေါင်း နှစ်သောင်းကျော်တွင် အသင်းဝင်ပေါင်း ကိုးသန်းကျော် ၁၀သန်းနီးပါးက အမျိုးသားရေးစိတ်ဓာတ်၊ လူမှုရေးစိတ်ဓာတ်ထက်သန်စွာဖြင့် မိမိဆန္ဒအလျောက် အသင်းဝင်များအဖြစ် ပါဝင်လှုပ်ရှားဆောင်ရွက်နေကြသည့် လူမှုရေးအဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် အခိုင်အမာ ရပ်တည်လျက်ရှိကြောင်း။

အင်အားအရရော အရည်အသွေးအရပါ တစ်နိုင်ငံလုံးစနစ်တကျဖြန့်ကြက်ဖွဲ့စည်းထားသည့် မိမိတို့အသင်းကြီး၏စွမ်းအားကို နိုင်ငံနှင့်လူမျိုးအကျိုးအတွက် ထိရောက်ထက်သန်စွာ အသုံးပြုရင်း မိခင်နှင့်ကလေးများ၏ ကျန်းမာကြံ့ခိုင်သန်စွမ်းမှု၊ မိသားစုဘဝလုံခြုံမှု၊ မိသားစု ဝင်ငွေတိုးတက်မှု လုပ်ငန်းများအပါအဝင် ကလေးသူငယ်များ၊ လူငယ်လူရွယ်များ၊ သက်ကြီးရွယ်အိုများနှင့် လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်လုံး၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများစွာတွင် နိုင်ငံတော်အစိုးရဌာနများ၊ အခြားသော လူမှုရေးအဖွဲ့အစည်းများနှင့်အတူလက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း။

မိမိတို့အသင်းကြီးအနေဖြင့်ကျန်းမာရေးကဏ္ဍတွင် မိခင်သေနှုန်း၊ကလေးသေနှုန်း ကျဆင်းရေးလုပ်ငန်းများဖြစ်သည့် မျိုးဆက်ပွားကျန်းမာရေး (Reproductive Health) လုပ်ငန်းများ၊ လုံခြုံစိတ်ချ မိခင်ဘဝ (Safe Motherhood)ဆိုင်ရာလုပ်ငန်းများ၊ ကိုယ်ဝန်ဆောင်မိခင်တိုင်းကိုယ်ဝန်ဆောင်စောင့်ရှောက်မှု ခံယူစေရေး လုပ်ငန်းများ၊ ဒေသခံအရန်သားဖွားဆရာမများ၊ ဆယ်အိမ်စုမှူးများ မွေးထုတ်မှု လုပ်ငန်းများကို အောင်အောင်မြင်မြင် ဆောင်ရွက်လျက်ရှိကြောင်း၊

ရောဂါကာကွယ်ရေးအပိုင်းတွင်လည်း အနာကြီး၊ ငှက်ဖျား၊ တီဘီ၊ HIV, DHF, သွေးလွန်တုပ်ကွေးရောဂါကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းများ၊ ရောဂါကာကွယ်ရေးအသိပညာပေးမှု၊ ကုသပေးမှုလုပ်ငန်းများကိုပါအခြေခံအဆင့်ကျေးလက်များအထိဖြန့်ကြက်ဆောင်ရွက်နိုင်လျက်ရှိကြောင်း။

ထို့အပြင် မိသားစုဝင်ငွေတိုးရေးလုပ်ငန်းများ၊ အိမ်တွင်းသက်မွေးပညာ သင်တန်းဖွင့်လှစ်လေ့ကျင့်ပေးမှုများ၊ အမျိုးသမီးများအလုပ်အကိုင်အခွင့်အလမ်းတိုးပွားရေးနှင့် မိသားစုဘဝ လုံခြုံရေးလုပ်ငန်းများစွာကို ဆောင်ရွက်ရင်း အမျိုးသမီးများနှင့် ကလေးငယ်များ လူကုန်ကူးမှု တိုက်ဖျက်ရေး၊ စံပြကျေးရွာထူထောင်ရေး၊ ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ နိုင်ငံတကာလူမှုရေး အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ကျယ်ကျယ်ပြန့်ပြန့် တိုးတက် ဆောင်ရွက်နိုင်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွင်းရေးမှူးဒေါက်တာဒေါ်ဝေဝေသာ ၂၀၀၇ ခုနှစ်လုပ်ငန်းအစီရင်ခံစာကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ပညာရေးကဏ္ဍတွင်ဆိုလျှင်လည်း ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မူကြိုကျောင်း၊စေတနာညကျောင်းနှင့် စာမတတ်သူပပျောက်ရေး သင်တန်းများ ဖွင့်လှစ်ထူထောင်ပေးမှုများ၊ ကျောင်းနေအရွယ် ကလေးများ ကျောင်းနေရေး၊ ချို့တဲ့ကလေးများ စဉ်ဆက်ပညာ သင်ကြားနိုင်ရေးတို့အတွက် ပံ့ပိုးကူညီ ဆောင်ရွက်ပေးမှုများ၊ ပညာသင်ဆု ချီးမြှင့်မှုများကို ပညာရေးဝန်ကြီးဌာနနှင့်တကွအခြားသော လူမှုရေးအသင်းအဖွဲ့များနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁ သို့

ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၇ ခုနှစ် နှစ်ချုပ်အစီရင်ခံစာကိုဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၇ ခုနှစ် နှစ်ချုပ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း(အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၇ ခုနှစ် နှစ်ချုပ်အစီရင်ခံစာကိုဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၇ ခုနှစ် နှစ်ချုပ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းစဉ် (သတင်းစဉ်)

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၇ ခုနှစ် နှစ်ချုပ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ဒီမိုကရေစီထွန်းကားရေး အခြေခံဥပဒေအတည်ပြုပေး။

❍ စာမျက်နှာ ၅ မှ

အထူးသဖြင့် ဘက်စုံကဏ္ဍစုံ အလွှာစုံ နေရာစုံတွင် တစ်နိုင်ငံလုံး စနစ်တကျ ဖြန့်ကြက်လွှမ်းခြုံ လှုပ်ရှားဆောင်ရွက်နိုင်သည့် မိမိတို့အသင်းကြီး၏ စွမ်းအားကို နိုင်ငံနှင့်ပြည်သူအကျိုးအတွက် ထိရောက်ထိုက်တန်စွာ အသုံးပြုနိုင်စေရန် ထက်မြက်သည့်အစီအမံများ၊ လက်တွေ့ကျသည့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားနိုင်စေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအပါအဝင် နိုင်ငံတော်အစိုးရဝန်ကြီးဌာနအသီးသီး၏ ပြည်သူများ၏ ကျန်းမာရေးဘဝ စောင့်ရှောက်မြှင့်တင်ရေး၊ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းအသီးသီးတွင် မိမိတို့အသင်းကြီး၏ ပင်မတာဝန်ဝတ္တရားများဖြစ်သည့်မိခင်နှင့်ကလေးများ၏ကျန်းမာရေး စောင့်ရှောက်ရေး၊ မိခင်များ၊ အမျိုးသမီးများ၏ လူနေမှုဘဝမြှင့်တင်ရေး၊ မိခင်နှင့်ကလေးများ၏ဘဝ လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လိုက်လျောညီထွေပေါင်းစည်းဆက်စပ်ပြီး အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်သွားကြဖို့ လိုအပ်ကြောင်း။

အဓိကအားဖြင့် မိမိတို့မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးအနေဖြင့် မိမိတို့လိုနိုင်ငံ၏ ရှေ့ရေးအတွက် ကောင်းမြတ်သော ရည်ရွယ်ချက်၊ တူညီသော မျှော်မှန်းချက်များဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး အပါအဝင် အခြားသော လူမှုရေးအဖွဲ့အစည်းများအားလုံးနှင့် အတူနိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့်လှုပ်ရှားဆောင်ရွက်နေသည့်အမျိုးသားရေး ကြိုးပမ်းလှုပ်ရှားမှုများတွင် တစ်စိတ်တစ်ဝမ်းတည်း ပေါင်းစည်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါ၏ အမျိုးသားရေး လိုအပ်ချက်ဖြစ်သည့်အပြင် သမိုင်း၏ တောင်းဆိုချက်လည်း ဖြစ်သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက်မိမိတို့အသင်းကြီးအနေဖြင့် ပြည်သူများနှင့် တစ်သားတည်း ပါဝင်လက်တွဲပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန်တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် အသင်းအတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက ၂၀၀၇ ခုနှစ် လုပ်ငန်းအစီရင်ခံစာကို လည်းကောင်း၊ အကျိုးဆောင် စာရင်းစစ် ဒေါ်သင်းသင်းက၂၀၀၇-၂၀၀၈ခုနှစ် ဘဏ္ဍာရေးနှစ်၏ စာရင်းစစ် အစီရင်ခံစာကို လည်းကောင်း၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်သန်းဝင်းက ၂၀၀၇-၂၀၀၈ ခုနှစ် ဘဏ္ဍာရေးနှစ် ငွေစာရင်း ရှင်းတမ်းနှင့် ၂၀၀၈-၂၀၀၉ ခုနှစ် ရသုံးမှန်းခြေ စာရင်းတို့ကို လည်းကောင်း ဖတ်ကြားတင်သွင်းကြပြီးနှစ်ပတ်လည်အစည်းအဝေး၏ အတည်ပြုချက်ကို ရယူကာ သဘာပတိက အတည်ပြု၍ နံနက်ပိုင်း အစည်းအဝေး အစီအစဉ်များကို ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် နှစ်ပတ်လည်အစည်းအဝေး အစီအစဉ်များကို ပြန်လည် ကျင်းပရာ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း (အရှေ့ပိုင်း)နှင့် ပဲခူးတိုင်း(အနောက်ပိုင်း) မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ ၂၀၀၇ ခုနှစ် နှစ်ချုပ် အစီရင်ခံစာများကို သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူးများက ဖတ်ကြားတင်ပြကြပြီး တင်ပြချက်များနှင့် စပ်လျဉ်း၍ သဘာပတိ ဒေါ်ခင်စောနှင်းက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ အစည်းအဝေးအစီအစဉ်များကို ခေတ္တရပ်နားသည်။

ထို့နောက် ညနေပိုင်းတွင် နှစ်ပတ်လည်အစည်းအဝေး အစီအစဉ်များကို ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်ကဆောင်ရွက်ပြီး မကွေးတိုင်း၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ ၂၀၀၇ခုနှစ် နှစ်ချုပ်အစီရင်ခံစာများကို သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းများမှ တွဲဖက်အတွင်းရေးမှူးများက ဖတ်ကြားတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ သဘာပတိကလိုအပ်သည်များကိုဖြည့်စွက်ဆွေးနွေးပြီးနှစ်ပတ်လည်အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

နှစ်ပတ်လည် အစည်းအဝေးကို မေ ၂၉ရက်တွင်ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၂၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၅ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်နှင့်တိုင်း မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာများက ဘဏ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို တင်ပြကြရာ ဝန်ကြီးက ဒေသစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည့် ဘဏ်လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုမြန်ဆန်မှန်ကန်စေရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်း ပြည်တွင်းအခွန်ဦးစီးဌာနမှူးများက လုပ်ငန်းလျာထားချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ပြည်တွင်းအခွန်များဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ ထိရောက်ထက်မြက်စေရေး၊ မျှတမှန်ကန်စေရေး အလေးထား ဆောင်ရွက်ကြရန်မှာကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပထမနေ့ အစီအစဉ်ကို ညနေပိုင်းတွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှင်သာမဏောဓမ္မဗိမာန် ပိဋကတ်မြန်မာပြန်သင်တန်းနှင့် အဘိဓမ္မာသင်တန်းဖွင့်လှစ်မည်

ရန်ကုန် မေ ၂၈

အဘိဓမ္မာသည် လူတိုင်းသိသင့်သည့် တရားတော်ဖြစ်သည့်အတွက် အဘိဓမ္မာသင်တန်းကို မေ ၃ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၈နာရီမှ ၁၁နာရီအတွင်း ဆရာဦးတင်ဝင်းနှင့် ဦးမောင်မောင်(ဟံသာဝတီ)တို့က ဓမ္မဒါန ပို့ချသင်ကြားပေးမည်ဖြစ်သည်။

လူပုဂ္ဂိုလ်များ လိုက်နာကျင့်သုံးဖွယ်ရာ ပိဋကတ်တော်လာအကြောင်းအရာများကို မြန်မာပြန်ဆိုထားသဖြင့် မြန်မာစာတတ်သူတိုင်း တက်ရောက်နိုင်သည့် ပိဋကတ်တော်မြန်မာပြန်သင်တန်းကို မေ ၁၁ရက်မှစ၍ အောက်တိုဘာလအထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၈နာရီမှ ၁၂နာရီအတွင်း ပိဋကတ်ပညာရှင် ဆရာကြီးများက ဓမ္မဒါန သင်ကြားပို့ချပေးမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် ရှင်သာမဏောဓမ္မဗိမာန် ဖုန်း- ၃၈၇၃၆၁သို့ ဆက်သွယ် စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဇာတ်ညွှန်းနှင့်ရုပ်ရှင် အနုပညာသင်တန်းဖွင့်မည်

ရန်ကုန် မေ ၂၈

သုံးထပ်ဆင့်အကယ်ဒမီ ငြိမ်းမင်းသီးသန့်သင်ကြားပို့ချမည့် ဇာတ်ညွှန်းရေးနည်းနှင့် အခြေခံရုပ်ရှင်အနုပညာ သင်တန်းကို မေ၈ရက်မှစတင်၍ ရန်ကင်းမြို့နယ် ပြည်သာယာလမ်းနှင့် စွန်းလွန်းဂူကျောင်းလမ်းကြား၊ မိုးကောင်းလမ်း၊ ဘောက်ထော်၊ စကားဝါခန်းမ၊ ပထမထပ်(ယာ)တွင် ဖွင့်လှစ်မည်ဖြစ်ရာ ဖုန်း ၀၁-၅၅၉၀၁၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရေးအလှူငွေပေးအပ်

နေပြည်တော် မေ ၂၈

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံများ ဆောက်လုပ်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ရုံးခန်းမ၌ ကျင်းပရာ မိုးကြယ်စင်ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးပြည့်ဖြိုးအောင်ကိုယ်စား စီမံကိန်းမန်နေဂျာ ဦးဝင်းဇော်က ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်ရေးအတွက် အလှူငွေကျပ်၂၅သိန်းကို ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးကြယ်စင် ဆောက်လုပ်ရေး ကုမ္ပဏီက ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အဆောက်အအုံများဆောက်လုပ်ရေးအတွက် အလှူငွေကျပ် ၂၅ သိန်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်ထံ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

လိုင်စင်ရဧည့်လမ်းညွှန်များ စုပေါင်းသွေးလှူဒါန်းမည်

ရန်ကုန် မေ ၂၈

လိုင်စင်ရဧည့်လမ်းညွှန်များ၏ စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီမှစ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ကျင်းပမည်ဖြစ်ရာ အသေးစိတ် စုံစမ်းသိရှိလိုသူများ ကိုသန်းထွန်းဦး ဖုန်း ၀၉၅၁၃၆၄၈၄၊ ကိုတင်မောင်မောင် ဖုန်း ၀၉၅၁၅၆၁၀၄ နှင့်မရီရီဟန် ဖုန်း ၀၉၅၁၀၈၆၇၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိသည်။ (က-ပ)

အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားပြိုင်ပွဲ ကမ္ဘောဇအသင်း အကြိုဗိုလ်လုပွဲသို့တက်

ရန်ကုန် မေ ၂၈

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ကျင်းပသည့် အာရှဘောလုံး အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ (AFC President's Cup) အုပ်စု (ဂ)တွင် မြန်မာနိုင်ငံမှ ကမ္ဘောဇအသင်း ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ကမ္ဘောဇဘောလုံးအသင်းသည် အုပ်စုတွင်း ပွဲစဉ်များ၌ မေ ၂၃ရက်က အုပ်စုအဖွင့်ပွဲစဉ်၌ တာမင်နစ္စတန်နိုင်ငံမှ အက်ကာဗက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဒုတိယပွဲစဉ်တွင်မူ အိမ်ရှင် ရတ်နန်အက်စီအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးခဲ့သည်။ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် မေ ၂၇ရက်က ဘူတန်နိုင်ငံမှ ထရန်စပို့ယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ၁၁ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိသည်။

ကမ္ဘောဇဘောလုံးအသင်းသည်အုပ်စုပွဲစဉ် သုံးပွဲယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့်ခြောက်မှတ်ရရှိပြီး သွင်းဂိုး ၁၄ဂိုး၊ ပေးဂိုး သုံးဂိုးရရှိသည်။

အုပ်စု(ဂ)တွင် ကမ္ဘောဇအသင်း၊ အိမ်ရှင် ရတ်နန်အက်စီအသင်းနှင့် တာမင်နစ္စတန်မှ အက်ကာဗက်အသင်းတို့ ခြောက်မှတ်စီ အမှတ်တူဖြစ်နေသော်လည်း ဂိုးအရေအတွက်ကွာခြားချက်အရ မြန်မာနိုင်ငံမှ ကမ္ဘောဇအသင်း အုပ်စုပထမရပြီး တာမင်နစ္စတန်နိုင်ငံမှ အက်ကာဗက်အသင်းကို ခြောက်မှတ်စီ အမှတ်တူဖြစ်နေသော်လည်း ဂိုးအရေအတွက်ကွာခြားချက်အရ မြန်မာနိုင်ငံမှ ကမ္ဘောဇအသင်း အုပ်စုပထမရပြီး တာမင်နစ္စတန်နိုင်ငံမှ အုပ်စုဒုတိယရကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြောင်း သိရသည်။

အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို စက်တင်ဘာ ၁၉ ရက်မှ ၂၁ရက်အထိ တရုတ်(တိုင်ပေ)တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

မိုးသက်လေပြင်းကျပြီး လှိုင်းကြီးနိုင်

ရန်ကုန် မေ ၂၈

ယနေ့ မြန်မာစံတော်ချိန် နံနက်၆နာရီအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်း ‘နာဂီ’ သည် မြောက်ဘက်အရပ်ဆီသို့ တဖြည်းဖြည်း ရွေ့လျားခဲ့ရာ ကိုကိုးကျွန်းမြို့၏ အနောက်မြောက်ယွန်းယွန်း မိုင် ၅၄၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် မြောက်အရှေ့ယွန်းယွန်းသို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်း၏အရှိန်ကြောင့် ယနေ့မွန်းလွဲမှ နောက် ၄၈ နာရီအတွင်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် မိုင် (၄၀)မှ(၄၅) မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂၈-၄-၂၀၀၈)

ဝ	၁ ဒသမ ၄၆ လက်မ
မိုင်းဆတ်	၁ ဒသမ ၂၂ လက်မ
သီပေါ	၁ ဒသမ ၁၈ လက်မ
မြိတ်	၁ ဒသမ ၁၂ လက်မ
ကသာ	၀ ဒသမ ၉၈ လက်မ
ရန်ကုန် (မြို့လယ်)	၀ ဒသမ ၉၁ လက်မ
မိုးကုတ်နှင့် ဖျာပုံ	၀ ဒသမ ၈၆ လက်မစီ
ရန်ကုန် (ကမ္ဘာအေး)	၀ ဒသမ ၈၂ လက်မ
ပူတာအို	၀ ဒသမ ၅၅ လက်မ
ဗန်းမော်၊ ရွှေကျင်	
ကော့သောင်း၊ ကိုကိုးကျွန်း	
နှင့် ခရမ်း	၀ ဒသမ ၃၅ လက်မစီ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ထီးလင်းမြို့နယ် ရွှေထီးခန်းမ၌ဌာနဆိုင်ရာဝန်ထမ်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာ (၁၁)ခုတို့မှ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ထီးလင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများအားတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ ၂၂ ရက် နံနက် ၈ နာရီတွင် ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ရွှေထီးခန်းမ၌ကျင်းပသော ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ထီးလင်းမြို့ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်နှင့်သရခါ၊ကျားခဲ၊ ပုဏ္ဏား၊ ထလင်း၊တောရောင်း၊ ဝါးရင်းချိုင်၊ ပါးမျဉ်း၊ထန်းပင်ကုန်း၊ ငါးဆင်း ကျေးရွာ စသည့် ရပ်ကွက်/ကျေးရွာ (၁၁)ခုတို့မှ ဒေသခံပြည်သူ ၃၅၀၀ ကျော် တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဒေသခံပြည်သူများ ကိုယ်စား တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ရှင်းလင်းတင်ပြချက်အပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ပညာရေးဆိုင်ရာ လုပ်ငန်းများအတွက် အလှူငွေအဖြစ် ထီးလင်းမြို့မ အခြေခံပညာ မူလတန်းကျောင်း အဆောက်အအုံအတွက် ငွေကျပ်နှစ်သိန်း၊ ထီးလင်းမြို့ စည်ပင်သာယာ အခြေခံပညာ မူလတန်းကျောင်း အမိုးအတွက် ငွေကျပ်နှစ်သိန်း၊ ကျားခဲကျေးရွာ မူလတန်းလွန်ကျောင်း အမိုးအတွက် ငွေကျပ်သုံးသိန်း စုစုပေါင်း ငွေကျပ် ခုနစ်သိန်းကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာပစ္စည်းများကို လည်းကောင်း၊ ဒေသခံပြည်သူများအတွက် အိမ်သုံး၊ လူသုံး ပစ္စည်းများကိုလည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း၊ စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကို လည်းကောင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နံနက်၁၁နာရီတွင် ထီးလင်းမြို့နယ် အလယ်ဘန်းကျေးရွာ ယာယီမဏ္ဍပ်၌ ကျင်းပသော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲသို့အလယ်ဘန်း၊အကြည်ဘန်း၊ အညာဘန်း၊ တိ၊ညောင်၊တင်းချောင်း၊ဘူးတောင်း စသည့် ကျေးရွာ ခုနစ်ရွာတို့မှ ဒေသခံ ပြည်သူ ၃၀၀၀ ခန့် တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဒေသခံပြည်သူများ ကိုယ်စား တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်အပေါ် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် ပညာရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရန် အလယ်ဘန်းကျေးရွာ မူလတန်းလွန်ကျောင်း ဆောင်သစ်အတွက် ငွေကျပ်နှစ်သိန်း၊ အညာဘန်းကျေးရွာမူလတန်းကျောင်း ဆောင်သစ်အတွက် ငွေကျပ်တစ်သိန်း၊ အကြည်ဘန်းကျေးရွာ အလယ်တန်းကျောင်းဆောင်သစ်အတွက်ငွေကျပ်နှစ်သိန်း၊ဘူးတောင်းကျေးရွာမူလတန်းလွန် ကျောင်းဆောင်သစ်အတွက် ငွေကျပ်တစ်သိန်း၊ ညောင်ကျေးရွာ ရွာကူးတံတားပြုပြင်ရန်အတွက် ကျပ်တစ်သိန်း စုစုပေါင်း အလှူငွေကျပ် ခုနစ်သိန်းကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပစ္စည်းများကိုလည်းကောင်း၊ ကျောင်းသား၊ကျောင်းသူများ အတွက် ကျောင်းသုံးဗလာစာအုပ်များကို လည်းကောင်း၊ စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကို လည်းကောင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲ ၂ နာရီတွင် ထီးလင်းမြို့နယ် ပြင်ဘကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းရှေ့ရှိ ယာယီမဏ္ဍပ်၌ကျင်းပသော ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲသို့တက်ရောက်သည်။

တွေ့ဆုံပွဲသို့ ပြင်ဘ၊ ဆင်စွယ်၊ ရင့်ရောင်း၊ စို့ပြား၊ ခပေါင်းတော၊ မင်းလယ်၊ယုံဆင်း၊ဆွဲလွဲစသည့် ကျေးရွာ ရှစ်ရွာတို့မှ ဒေသခံပြည်သူ ၃၀၀၀ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဒေသခံပြည်သူများ ကိုယ်စား တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူးက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အတွက် အလှူငွေအဖြစ် ပြင်ဘ ကျေးရွာ ရေအားလျှပ်စစ်လုပ်ငန်း အတွက် ငွေကျပ်နှစ်သိန်း၊ ခပေါင်းတောကျေးရွာရေအားလျှပ်စစ်လုပ်ငန်း အတွက် ငွေကျပ်တစ်သိန်း၊ စို့ပြား ကျေးရွာ ဒေသဖွံ့ဖြိုးရေးအတွက် ငွေကျပ်တစ်သိန်း၊ ယုံဆင်းကျေးရွာ ရေသွယ်ယူရေးအတွက် ငွေကျပ်တစ်သိန်း၊ ဆွဲလွဲကျေးရွာ ဒေသဖွံ့ဖြိုးရေး အတွက်ငွေကျပ်တစ်သိန်း၊ ရင့်ရောင်း ကျေးရွာ ရေသွယ်ယူရေးအတွက် ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ် ခုနစ်သိန်းကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပစ္စည်းများကို လည်းကောင်း၊ ဒေသခံပြည်သူများ အတွက် အိမ်သုံး၊ လူသုံးပစ္စည်းများ ကိုလည်းကောင်း၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံး ဗလာစာအုပ်များကို လည်းကောင်း၊ ကျေးရွာစာကြည့်တိုက်အတွက်စာအုပ်၊ စာစောင်များကိုလည်းကောင်းပေးအပ် လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

တွေ့ဆုံပွဲများတွင် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ဒေသနေပြည်သူများ၏ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဒေသတွင်းကျေးရွာများသည် အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာသည်ကို တွေ့မြင်ရကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံတစ်ဝန်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျေးရွာများအနေဖြင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပထမဦးစားပေး တင်ပြကြသည့်အပေါ် အထူးအားရမိကြောင်း၊ ထို့ပြင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ယခုထက် ပိုမိုတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေးကို တိုးချဲ့လုပ်ကိုင်ကြရမည့်အပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တွဲဖက်၍ လုပ်ကိုင်ကြစေလိုကြောင်း၊ လိုအပ်သည့် နည်းပညာနှင့် အကူအညီများကို အပြည့်အဝ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း၊နိုင်ငံတော်အစိုးရအနေဖြင့်တိုင်းပြည်၏အခြေခံလိုအပ်ချက်များ ပြည့်စုံအောင် တည်ဆောက် ဖော်ဆောင်ပေးလျက်ရှိရာ ဖွံ့ဖြိုးတိုးတက်မှုများကို ပြည်သူများ လက်တွေ့ သိရှိ ခံစားနေကြရပြီဖြစ်ကြောင်း၊ ဤဖွံ့ဖြိုး တိုးတက်မှုများကို အရှိန်အဟုန်မပျက် ဆက်လက် ထိန်းသိမ်းတည်ဆောက်ကြရာတွင် ပြည်သူများကလည်း ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုအခါ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက် အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးနေကြရုံမျှမက ရှေ့ဆက်ဖော်ဆောင်ကြမည့် လုပ်ငန်းစဉ်များတွင် အဟန့်အတားဖြစ်အောင် နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအနေဖြင့် ၎င်းတို့၏ မဟုတ်မမှန် ယုတ္တိမတန်သော သွေးထိုးမှုများကို အလွယ်တကူ လက်မခံမိကြစေဘဲ ယနေ့မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးတို့၏ လက်ရှိအခြေအနေနှင့် ကိုက်ညီထင်ဟပ်သည့် အမှန်တရားများကို ရှင်းရှင်းလင်းလင်း သိမြင်ကြပြီး နိုင်ငံတော်၏ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရနှင့် ပြည်သူတစ်စိတ်တည်း တစ်ဝမ်းတည်းအတူ လက်တွဲ၍ ကြိုးပမ်းဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊သို့ဖြစ်၍ကိုလိုနီလက်သစ်များ၏ အန္တရာယ်များ၊ ပြည်တွင်းပြည်ပအဖျက်သမားများ၏အန္တရာယ်များကို ပြည်သူများသတိရှိရှိ သက်လုံကောင်းကောင်းဖြင့် သတိပြုကာကွယ်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲများ အပြီးတွင် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် တက်ရောက်လာကြသော ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ထီးလင်းမြို့နယ် ပြင်ဘကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ကျေးရွာ(၈)ရွာတို့မှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထူးခြားသည့်နေ့အပူချိန်များ

(၂၈- ၄-၂၀၀၈)

မင်းဘူး	၁၀၉ ဒီဂရီဖာရင်ဟိုက်
ရွှေဘို၊ မုံရွာ၊ ညောင်ဦး၊ ချောက် နှင့် မကွေး	၁၀၇ ဒီဂရီဖာရင်ဟိုက်

နိုင်ငံသစ်ဆီ ဒီ့ဦးတည် အခြေခံဥပဒေ အတည်ပြုမည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ တောင်ကြီးခရိုင်နှင့် တောင်ကြီး၊ ညောင်ရွှေ ဟိုပုံးမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✱ ရွှေဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် နံနက် ၈ နာရီခွဲတွင် တောင်ကြီးမြို့မှ ရပ်စောက်မြို့နယ်ရှိ ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ပင်မတမံ တည်ဆောက်ခြင်းလုပ်ငန်းများ၊ စက်ယန္တရားကြီးများ အသုံးပြု၍ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စီမံကိန်းဧရိယာကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ကျိုင်းခမ်း ရေလှောင်တမံ ဘက်စုံစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တည်နေရာ၊ စီမံကိန်း ရည်ရွယ်ချက်များ၊ ရေသိုလှောင်ထိန်းသိမ်းနိုင်မည့်အပြင် ရေအားလျှပ်စစ်ပါ ထုတ်ယူရရှိမည့် အခြေအနေများ၊လုပ်ငန်းအလိုက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က စီမံကိန်းပတ်ဝန်းကျင်နှင့် ဆက်စပ်နေရာများရှိ သစ်တောအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ဆည်ရေထိန်းသိမ်း သိုလှောင်ရေး၊ ရေအားလျှပ်စစ် ထုတ်ယူရေး ကိစ္စများနှင့်စပ်လျဉ်း၍ ဖြည့်စွက်တင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက ကျိုင်းခမ်း ရေလှောင်တမံမှ ရေများကို ဇော်ဂျီရေလှောင်တမံနှင့် မြို့ကြီးရေလှောင်တမံတို့မှ တစ်ဆင့် စိုက်ပျိုးရေးလုပ်ငန်းများသို့ ထိရောက်စွာပေးဝေရေးနှင့် အဆင့်ဆင့် ရေအားလျှပ်စစ် ထုတ်လုပ်မှုများကို အထောက်အကူပြုနိုင်ရေးတို့အတွက် အလေးဂရုပြုဆောင်ရွက်ရန်၊ ဆည်ရေများကို အလဟဿ မဖြစ်စေဘဲ အကျိုးရှိစွာ အသုံးပြုနိုင်အောင် စီမံဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ရပ်စောက်မြို့နယ် ကျိုင်းခမ်းကျေးရွာအနီး နမ့်အက်ချောင်းပေါ်၌ တည်ဆောက်နေခြင်း ဖြစ်သည်။

ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် အကောင်အထည်ဖော်လျက်ရှိသည့် စီမံကိန်းများတွင် ပါဝင်သော စီမံကိန်းတစ်ခု ဖြစ်သည်။

ကျိုင်းခမ်းရေလှောင်တမံကို တည်ဆောက်ခြင်းဖြင့် ဒေသအတွက် ရေအားလျှပ်စစ် ထုတ်ယူရရှိမည့်အပြင် တမံအောက်ဘက်ရှိ တည်ဆောက်ပြီး ဇော်ဂျီရေလှောင်တမံသို့လည်း ရေကူဖြည့်ပေးနိုင်မည်ဖြစ်သည်။

ထို့အပြင် ဇော်ဂျီရေလှောင်တမံမှ အသုံးပြုထုတ်လွှတ်ရေကို ရွှာင်မြို့နယ်၌ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မြို့ကြီးရေလှောင်တမံမှ ရေတို့ဖြင့် ပေါင်းစပ်ကာ မိတ္ထီလာလွင်ပြင်ဒေသနှင့် လက်ရှိဇော်ဂျီ ရေသောက်စနစ်သို့ ရေပမာဏ ဧကပေ ၉၉၀၀၀၀ ခန့် ထုတ်လွှတ်ပေးနိုင်မည် ဖြစ်သည်။

ကျိုင်းခမ်း ရေလှောင်တမံ၏ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၃၄၅၃၅၀ ဖြစ်ပြီး အကြမ်းဖျင်းအားဖြင့် ရေအားလျှပ်စစ် (၆)မဂ္ဂါဝပ် ထုတ်ယူရရှိမည် ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရဟတ်ယာဉ်များဖြင့် တောင်ကြီးမြို့သို့ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ယနေ့ နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမသို့ သွားရောက်ပြီး ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် စူဠာမုနိလောကချမ်းသာ စေတီတော်သို့ သွားရောက်ကြပြီး ရှေးဦးစွာ ကဿပဘုရားရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် စေတီတော်ကို လက်ယာရစ် လှည့်လည် ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် တောင်ကြီးမြို့မှ နေပြည်တော်သို့ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်အဖွဲ့ဝင်များသည် ယနေ့နံနက် ၈ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ တောင်ကြီးခရိုင်နှင့် တောင်ကြီး၊ ညောင်ရွှေနှင့် ဟိုပုံးမြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ပြည်နယ်၏အကျယ်အဝန်း၊ ခရိုင်နှင့် မြို့နယ်များ ဖွဲ့စည်းထားရှိမှု၊ စိုက်ပျိုးမြေဧရိယာ၊ ရာသီဥတုအခြေအနေ၊ မိုးစပါး၊ နွေစပါးနှင့် အဓိကသီးနှံများ စိုက်ပျိုးနိုင်မှု၊ သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်နေမှု၊ ဒေသဆန်ဖူလုံမှု၊ ဆီဖူလုံမှု၊ငါး၊ ပုစွန်၊ ဥစားကြက်၊ အသားစားကြက် မွေးမြူခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေများ၊ မြို့ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ချက်များ၊ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များ၊ ပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၊ ပြည်နယ်မြို့တော် တောင်ကြီးမြို့ ဖွံ့ဖြိုးတိုးတက်လာမှုများနှင့် မြို့ပြအင်္ဂါရပ်များနှင့် ညီညွတ်စေရေးအတွက် စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက စိုက်ပျိုးမြေ တိုးချဲ့စိုက်ပျိုးရေး၊ သီးနှံအလိုက် တစ်ဧကအထွက်နှုန်း တိုးတက်မြင့်မားရေး၊ သီးနှံစိုက်စွမ်းအား မြင့်မားရေး၊ ဒေသအလိုက် ဆန်၊ ဆီဖူလုံမှုခိုင်မာရေး၊ ရော်ဘာ၊ ဆီအုန်းနှင့် အမယ်သစ် သီးနှံများဖြစ်သည့် ကော်ဖီ၊ လက်ဖက်၊ ငရုတ်ကောင်း စိုက်ပျိုးမှု အောင်မြင်မြင့်မားရေး၊ လက်တွန်းထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက် စသည့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ပိုမိုတိုးမြှင့်သုံးစွဲနိုင်ရေး စသည့် နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထုတ်ကြိုးပမ်း ဆောင်ရွက်နေမှုများ၊ ရေခံ၊ မြေခံ အခြေခံကောင်းများ ပြည့်စုံသည့် ရှမ်းပြည်နယ်၏ လယ်ယာကဏ္ဍ သိသာစွာ ဖွံ့ဖြိုးရေးတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက လယ်ယာထွက်ကုန် သီးနှံများကို

စိုက်ပျိုးရာ၌ ထုတ်လုပ်မှုအခြေအနေနှင့် ဝယ်လိုအား အခြေအနေ၊ ဈေးနှုန်း အခြေအနေအပေါ် မှီတည်၍ စိုက်ပျိုးသူလည်း အကျိုးရှိ၊ သီးနှံရောင်းဝယ်သူများလည်း အကျိုးရှိသော သီးနှံများကို ရွေးချယ်စိုက်ပျိုးကြရန်လိုကြောင်း။

သီးနှံများကို စိုက်ပျိုးရာ၌လည်း သီးနှံ အရည်အသွေးမြှင့်တင်ရေးကိုလည်း အလေးထားရန်လိုကြောင်း၊ အရည်အသွေးထိန်းသိမ်းရေး၊ ဈေးကွက်ရရှိရေး၊ ဈေးနှုန်းတည်ငြိမ်ရေးတို့ကို သက်ဆိုင်ရာ အဖွဲ့အစည်း

ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၏ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ ရောက်ရှိလာသည့် ခရီးစဉ်၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မှာကြားရာ၌ မိမိတို့ နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံ ဖြစ်သည့်အတိုင်း စိုက်ပျိုးရေးကဏ္ဍ တိုးတက်အောင် အလေးထား ဆောင်ရွက်ခဲ့ကြောင်း၊ အထူးသဖြင့် အမာခံရိက္ခာဖြစ်သည့် ဆန်စပါး ဖူလုံရေးကို စီမံချက်ချ၍ အားပေးဆောင်ရွက်ခဲ့ရာ ယခုအခါ ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပိုလျှံလျက် ရှိနေပြီဖြစ်ကြောင်း။

ရပ်စောက်မြို့နယ်ရှိ ကျိုင်းခမ်း ရေလှောင်တမံတွင် စက်ယန္တရား များ အသုံးပြု၍ လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

အားလုံးက ညီညွတ်နိုင်းပေါင်းစပ်ပြီး အလေးထားဆောင်ရွက်ကြခြင်းဖြင့် ထုတ်လုပ်မှုကဏ္ဍရော၊ ကုန်သွယ်မှုကဏ္ဍပါ တိုးတက်လာနိုင်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စက်သုံးဆီ ဈေးနှုန်းများ မြင့်တက်လာချိန်တွင် စက်သုံးဆီနှင့် သဘာဝဓာတ်ငွေ့ သုံးစွဲမှု အဆင်ပြေရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ ဓာတ်မြေသြဇာစက်ရုံများမှ ဓာတ်မြေသြဇာထုတ်လုပ်ဖြန့်ဖြူးမှု အခြေအနေ၊ ပြန်လည်ပြည့်ဖြိုးမြဲ ဇီဝလောင်စာဆီ သုံးစွဲနိုင်ရေးအတွက် သုတေသနပြုဆောင်ရွက်နေမှုများ၊ အေးသာယာ စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးပံ့ပိုးဖြည့်ဆည်းပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက နိုင်ငံတော် အေးချမ်းသာယာရေးနှင့်

နိုင်ငံတော်၏ နယ်မြေအသီးသီး၌လည်း စားရေးအတွက် မပူပင်ရဘဲ ဒေသအလိုက် ဖူလုံမှုရှိအောင် အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကဲ့သို့ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ရှမ်းပြည်နယ် (တောင်ပိုင်း)သည်လည်း ယခုအခါ ဒေသဆန် ဖူလုံလာပြီဖြစ်ကြောင်း။

ထို့ကြောင့် ယခု နိုင်ငံတော်၏ လက်ရှိဆန်စပါး အထွက်ဖြင့်ပင် နောင်တိုးပွားလာမည့် လူဦးရေကို မပူမပင် မကြောင့်မကြ ကျွေးမွေးနိုင်သည့် အခြေအနေသို့ ရောက်ရှိနေပြီဟု ဆိုနိုင်ကြောင်း။

အလုပ်လုပ်ကြရန်လိုအပ်

စပါးသီးနှံ အပါအဝင် လယ်ယာသီးနှံများကို စိုက်ပျိုးထုတ်လုပ်ရာ၌ နိုင်ငံတော်အပိုင်း၊ စိုက်ပျိုးသူတောင်သူလယ်သမားအပိုင်းနှင့် ကုန်သွယ်ရောင်းဝယ်သူ လုပ်ငန်းရှင်အပိုင်းတို့သည် ဟန်ချက်ညီညီ တာဝန်သိသိ အလုပ်လုပ်ကြရန် လိုအပ်ကြောင်း။

ရပ်စောက်မြို့နယ်၌ တည်ဆောက်လျက်ရှိသည့် ကျိုင်းခမ်း ရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၏ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ ရောက်ရှိလာသည့် ခရီးစဉ်၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မှာကြားရာ၌ မိမိတို့ နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံ ဖြစ်သည့်အတိုင်း စိုက်ပျိုးရေးကဏ္ဍ တိုးတက်အောင် အလေးထား ဆောင်ရွက်ခဲ့ကြောင်း၊ အထူးသဖြင့် အမာခံရိက္ခာဖြစ်သည့် ဆန်စပါး ဖူလုံရေးကို စီမံချက်ချ၍ အားပေးဆောင်ရွက်ခဲ့ရာ ယခုအခါ ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပိုလျှံလျက် ရှိနေပြီဖြစ်ကြောင်း။

...ရှိ ကျိုင်းခမ်း ရေလှောင်တမံတွင် စက်
...လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏ နယ်မြေအသီးသီး၌ လည်း စားရေးအတွက် မပူပင်ရဘဲ ဒေသအလိုက် ဖူလုံမှုရှိအောင် အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကဲ့သို့ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ရှမ်းပြည်နယ် (တောင်ပိုင်း)သည်လည်း ယခုအခါ ဒေသဆန် ဖူလုံလာပြီဖြစ်ကြောင်း။

ထို့ကြောင့် ယခု နိုင်ငံတော်၏ လက်ရှိဆန်စပါး အထွက်ဖြင့်ပင် နောင်တိုးပွားလာမည့် လူဦးရေကို မပူမပင် မကြောင့်မကြ ကျွေးမွေးနိုင်သည့် အခြေအနေသို့ ရောက်ရှိနေပြီဟု ဆိုနိုင်ကြောင်း။

အလုပ်လုပ်ကြရန်လိုအပ်

စပါးသီးနှံ အပါအဝင် လယ်ယာသီးနှံများကို စိုက်ပျိုးထုတ်လုပ်ရာ၌ နိုင်ငံတော်အပိုင်း၊ စိုက်ပျိုးသူ တောင်သူလယ်သမားအပိုင်းနှင့် ကုန်သွယ်ရောင်းဝယ်သူ လုပ်ငန်းရှင်အပိုင်းတို့သည် ဟန်ချက်ညီညီ တာဝန်သိသိ အလုပ်လုပ်ကြရန် လိုအပ်ကြောင်း။

● ဘယ်သူ့ခွဲခွဲ ဒို့မကွဲ ပေးကြပါစို့ ထောက်ခံမဲ။

နိုင်ငံတော်အပိုင်းက စိုက်ပျိုးရေ ရရှိရေး၊ မြေယာတိုးချဲ့ရေး၊ သီးနှံအထွက်တိုးရေးတို့အတွက် လိုအပ်သည့် ဆည်တမံ၊ မျိုးနှင့် စိုက်ပျိုးနည်းစနစ်တို့ကို ဖြည့်ဆည်းအားပေး ဆောင်ရွက်သကဲ့သို့ သီးနှံများကို ရောင်း ဝယ်လျက်ရှိကြသည့် လုပ်ငန်းရှင်များကလည်း ရောင်းဝယ်ရေး လုပ်ငန်းအပြင် လိုအပ်သော မျိုးနှင့် အခြားသွင်းအားစုများ ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်း၊သီးနှံသုတေသန လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ သီးနှံဈေးနှုန်း မှန်ကန်တည်ငြိမ်အောင် ထိန်းသိမ်းခြင်းတို့ဖြင့် လယ်ယာကုန်ထုတ်လုပ်မှုကို ပံ့ပိုးအထောက်အကူပြုရန်လိုအပ်ကြောင်း။

အရည်အသွေးရှိရန်

အဓိကမှာ သီးနှံအထွက်တိုးတက်သကဲ့သို့ သီးနှံအရည်အသွေး တိုးတက်ကောင်းမွန်လာရန် ဝိုင်းဝန်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ အရေအတွက်အရ ကုန်ထုတ်လုပ်မှု တိုးတက်သည့်နည်းတူ အရည်အသွေး အဆင့်အတန်းရှိရန် ဖြစ်ကြောင်း။

မိမိတို့အားလုံး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်မှုကြောင့် နိုင်ငံတော်၏ စီးပွားရေးသည် နှစ်စဉ်တိုးတက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ ပြည်ပပို့ကုန် သွင်းကုန်ပမာဏသည် လည်း ပိုမိုများပြားလာကြောင်း။

ယင်းကဲ့သို့ အခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး အရှိန်အဟုန်မပျက် စီးပွားရေး တိုးတက်သွားရန် ဝိုင်းဝန်းကြိုးစားအားထုတ်ကြရမှာဖြစ်ကြောင်း။

မိမိတို့၏ ထုတ်ကုန်ပစ္စည်းများ အရည်အသွေး တိုးတက်စေရုံသာမက ထုတ်ကုန်ပစ္စည်းများကို တန်ဖိုးမြှင့်တင်နိုင်အောင် (Value Added) လည်း တီထွင်ကြံဆ လုပ်ကိုင်ကြရန် ဖြစ်ကြောင်း။

ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ပြည်သူများကလည်း တစ်နိုင်ငံလုံး၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် ကြိုးစားသွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

(သတင်းစဉ်)

ညောင်ရိုပ်သာ ဓမ္မပီမာန်အလှူ

ရန်ကုန် မေ ၂၈

သာကေတမြို့နယ် (၁၀၈)တောင် ဘုရားအနီး ညောင်ရိပ်သာ တရားစခန်းတွင် လစဉ် မြန်မာလဆန်း ၁၀ ရက်မှ လပြည့်ကျော် ၁ ရက်အထိ ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းဖွင့်၍ လယ်တီဆရာတော်ကြီး၏ ကာယာနုပဿနာနှင့် ဓာတုမနသိကာရနည်း အရ (ငန်းချောင်း) အရှင်ကေသရာဘိဝံသ ပဓာန ဆရာတော်က တရားပြလျက်ရှိရာ ဓမ္မပီမာန် တိုးချဲ့ငါးထပ်ကျောင်းတော်ကြီးနှင့် တရားစခန်းအတွက် ဦးထွန်းလှိုင်-ဒေါ်လှိုင်တင် သား၊ သမီး၊ မြေး(ရွှေယမင်း) မိသားစု သက်န်းကျွန်းမှ ကျပ်သုံးသိန်း၊ ဦးထွန်းအုံ -ဒေါ်မိ (မော်လမြိုင်) မိဘရည်စူး၍ ဦးမောင်မြင့်-ဒေါ်ငွေငွေ၊ ဦးအောင်စိန်မြ-ဒေါ်ရီရီခင် သား၊ သမီး၊ (၇)ရပ်ကွက် သာကေတမှ ကျပ်နှစ်သိန်းငါးသောင်း၊ ဦးသံချောင်း၊ သမီး ဒေါ်မြသိန်း၊ မြေး မစုစုလှိုင်၊ ဒေါ်ပုံမှ ကျပ်တစ်သိန်း ငါးသောင်း၊ သိမ်၊ ကျောင်း၊ ဘုရား ဒါယကာကြီး ဦးသိန်းမောင် (၁)နှစ်ပြည့်အတွက် သမီး ဒေါ်သန်းစိန်(ခ) မရှမ်းမယ် မောင်နှမသားမြေး (၄၈) လမ်း ရန်ကုန်မှ ဒုတိယအကြိမ် အလှူငွေ ကျပ်တစ်သိန်း၊ ဦးစိုးနိုင်-ဒေါ်စုစု သား၊ သမီး၊ မြေး၊ သီရိမင်္ဂလာ သံပုရာဒိုင်မှ ဒုတိယအကြိမ် အလှူငွေကျပ်တစ်သိန်း အသီးသီး လှူဒါန်းကြသည်။

ဓမ္မပီမာန် ငါးထပ်တရားစခန်း ကျောင်းနှင့် ဝေယျာဝစ္စစေတနာရှင်များသည် ဖုန်း-၅၄၇၀၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဓမ္မဗျူဟာ အဘိဓမ္မာ သင်တန်းများ ဖွင့်မည်

ရန်ကုန်မေ ၂၈

ဓမ္မဗျူဟာ သာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေ သင်တန်းကျောင်း၏ စာမေးပွဲဝင် သင်တန်းများအဖြစ် အဘိဓမ္မာ၊အဘိဓမ္မာ (ဂုဏ်ထူးဆောင်)နှင့် ဝိသုဒ္ဓိမဂ် သင်တန်းများကို ဗဟန်းမြို့နယ် ရွှေတိဂုံ အရှေ့ဘက်မုခ်အနီး အမှတ် (၆) ကြားတောရလမ်းရှိ အဆိုပါ သင်တန်းကျောင်းတွင် မေ ၃ ရက်မှ စတင်ဖွင့်လှစ်မည်ဖြစ်သည်။

ဝိသုဒ္ဓိမဂ် သင်တန်းများကို နံနက် ၇ နာရီမှ ၁၁ နာရီခွဲအထိ လည်းကောင်း၊ အဘိဓမ္မာနှင့် အဘိဓမ္မာ (ဂုဏ်ထူးဆောင်) သင်တန်းများကို မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီခွဲ အထိလည်းကောင်း၊ စနေ၊ တနင်္ဂနွေနေ့တိုင်း သင်တန်းမှူး ဓမ္မဗျူဟာ ဒေါ်ခင်လှတင်(မဟာသဒ္ဓမ္မဇောတိကဓဇ)က ဦးစီး၍ ဓမ္မဒါန ပို့ချသွားမည်ဖြစ်သဖြင့် သင်တန်းတက်လိုသူများသည် အသေးစိတ် အချိန်ဇယားများကို ဖုန်း- ၃၈၀၈၈၀ သို့ ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

✧ **ကျောဖုံးမှ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နှီးနွှယ်သော အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ပြည်သူတို့၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရေးအတွက် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးသည်လည်း ဟန်ချက်ညီညီ အဓိကအခန်းကဏ္ဍကပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက်လည်းအသင်းကြီး၏ ယုံကြည်ချက်စာတမ်းနှင့်အညီ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဘဝအဆင့်အတန်း မြင့်မားလာစေရေး အတွက် လူမှုရေးလုပ်ငန်းများဆောင်ရွက်ရန် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းတစ်ခုအဖြစ် နိုင်ငံတော်အစိုးရက ဥပဒေအမှတ် (၂၁/၉၀)ကို ထုတ်ပြန်ပြီး ၁၉၉၁ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ကြောင်း၊ ယနေ့ဆိုလျှင် သက်တမ်း (၁၇)နှစ် ပြည့်ခဲ့ပြီးဖြစ်သည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးနှင့် အသင်းခွဲများ အဆင့်ဆင့်သည် လွန်ခဲ့သော (၁၇)နှစ်လုံးလုံး မြန်မာနိုင်ငံအတွင်းမှာရှိသည့် မိခင်များနှင့် ကလေးများအတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည်ကို မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ တစ်နံတစ်လျားမှာ ကျယ်ပြန့်စွာ ဖြန့်ကြက်ဆောင်ရွက်လျက်ရှိကြသည့် အသင်းဝင်များ၏ အင်အားသည် နှစ်စဉ် ပိုမိုတိုးပွားလာခဲ့ရာ ယခုနှစ်မှာ ကိုးသန်းကျော်ရှိခဲ့ပြီး ပြည်သူတို့အတွက် ကျန်းမာရေး ဖွံ့ဖြိုးမှုကို သက်ဆိုင်ရာ ကျန်းမာရေးဌာနဝန်ထမ်းများနှင့် ပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိကြသည်ကို များစွာဂုဏ်ယူပါကြောင်း ပြောကြားလိုပါကြောင်း။

ကျန်းမာရေး ဝန်ကြီးဌာနအနေနှင့် ပြည်သူတို့၏ ကျန်းမာရေးနှင့် စပ်လျဉ်းပြီး ၂၀၁၅ ခုနှစ်မှာ ပြည့်မီရမည့် ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင်များဖြစ်သည့် မိခင်ကျန်းမာရေး ပိုမိုတိုးမြင့်လာစေရေး၊ တစ်နှစ်အောက်နှင့် ငါးနှစ်အောက်ကလေး သေဆုံးမှု လျော့နည်းစေရေး တို့ကို ဆောင်ရွက်ရာမှာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီး အနေဖြင့်လည်း အခြားလူမှုရေးအဖွဲ့အစည်းများဖြစ်ကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ သူနာပြုအသင်း စသည့် အဖွဲ့အစည်းများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် လက်တွဲညီညီ ပူးပေါင်းလျက် အရေးပါသော အခန်းကဏ္ဍမှ ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ပါကြောင်း။

ပြည်သူတို့၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စရပ်များကိုလည်း ထိရောက်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည့် အသင်းအဆင့်ဆင့်မှ အသင်းဝင်အားလုံးတို့၏ စေတနာလုပ်အားကို ကျေးဇူးတင်ဂုဏ်ယူပါကြောင်းဖြင့် ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အစည်းအဝေးခန်းမအတွင်း ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)နှင့် ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့များ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၄-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။ နံနက်ခင်းသတင်း
၇း၅၀	၄။ ရင်းငြိမ်ရေထိန်းတံခါး
၈း၀၅	၅။ **တောမြိုင်စွန်းက လွမ်းမျက်ရည် (ရဲအောင်၊ လူမုန်း၊ သူထူးစံ၊ မေသဥ္ဇာဦး၊ ထူးသာ၊ ကမ္ဘာရှား၊ ဂွမ်းပုံကြီး) (ဒါရိုက်တာ-ပန်းချီစိုးမိုး)**
၈း၃၀	၆။ International News
၈း၄၅	၇။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၉း၀၀	၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး စစ်သည်တေး
၄း၂၀	၂။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (မြန်မာစာ၊ မြန်မာမှုပညာ၊ အရှေ့တိုင်းပညာ အထူးပြုများ) (အရှေ့တိုင်းပညာ)
၅း၀၅	၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၁၅	၄။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀	၅။ ညနေခင်းသတင်း
၆း၃၀	၆။ မိုးလေဝသအခြေအနေ
၆း၃၅	၇။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၅၀	၈။ သုတစုံလင် ရွှေညာဏ်ရှင်
၇း၁၅	၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တယ်--ချစ်တယ်" (အပိုင်း-၁၇)**
၈း၀၀	၁၀။ ပြည်တွင်းသတင်း
	၁၁။ နိုင်ငံတကာသတင်းများ
	၁၂။ မိုးလေဝသအခြေအနေ
	၁၃။ "စိတ်အားထက်သန် ဆန္ဒအမှန်"
	၁၄။ **မြန်မာရုပ်ရှင် "အချစ်သည်လေပြည်" (အပိုင်း-၁) (ဒွေး၊ စိုင်းဘိုဘို၊ ဖြိုးငွေစိုး၊ အိန္ဒြာကျော်ဇင်၊ စမိုင်း၊ နဝရတ် (ဒါရိုက်တာ- ကိုအောင်မင်းသိမ်း)**
	၁၅။ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၄-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"သံသရာတွဲလာတဲ့ ခန္ဓာမြင်အောင်ကြည့်စမ်းပါ"တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၈း၀၀ - ၂း၀၀	၄က်ဖျားရောဂါအကြောင်းသိကောင်းစရာ (ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာခိုင်ခိုင်အေး)
၈း၃၀ - ၂း၃၀	တေးဂီတအစီအစဉ်
၈း၃၅ - ၂း၃၅	Sunday Talk
၉း၂၀ - ၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅ - ၃း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅ - ၃း၃၅	စိတ်အားထက်သန် ဆန္ဒအမှန်
၉း၅၅ - ၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀ - ၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅ - ၄း၀၅	Biz Net
၁၀း၁၅ - ၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀ - ၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅ - ၄း၂၅	ပညာဒါနအလင်းဝေဖြာ သန်လျင်မြို့ဆုထူးပန် သီရိမင်္ဂလာကန်တော်မှာ
၁၀း၄၀ - ၄း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅ - ၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀ - ၅း၀၀	စားချင်စဖွယ်နည်းအသွယ်သွယ်(သာကူပြင်အုန်းနို့ဆမ်း)
၁၁း၁၀ - ၅း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅ - ၅း၁၅	ရှိတာကပိုကောင်းပါတယ်
၁၁း၅၀ - ၅း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅ - ၅း၅၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၂း၀၀ - ၆း၀၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (လိပ်ပြာဝှက်တမ်း)
၁၂း၃၅ - ၆း၃၅	Music Gallery (တေးသံရှင်ရဲ့ တေးလက်ဆောင် "မေစံပယ်ညို")
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၀၀	Man Utd-Barcelona	ESPN (Live)

ဥတုရာသီ တောကိုမှီ၏

ပင်လယ်ကွေ့တွင် အမေရိကန်စစ်သင်္ဘောနှင့် ရင်ဆိုင်ခဲ့သည်ဆိုသော သတင်းကို အီရန်ငြင်းဆို

တီဟီရန် ဧပြီ ၂၇

အီရန်အစိုးရက ၎င်း၏ ကင်းလှည့်သင်္ဘောများနှင့် အမေရိကန် စစ်သင်္ဘောများအကြား ပင်လယ်ကွေ့တွင် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံမှု ဖြစ်ပွားခဲ့သည်ဟု ဖော်ပြသော သတင်းများသည် မမှန်ကန်ကြောင်း သောကြာနေ့တွင် ငြင်းဆိုလိုက်ခြင်းကို နိုင်ငံတော်ပိုင်သတင်းဌာနများက ဖော်ပြသည်။

ပင်လယ်ကွေ့တွင် အမေရိကန် စစ်သင်္ဘောများက အီရန်ကင်းလှည့်ရေယာဉ်များကို ပစ်ခတ်ခဲ့သည်ဟု အနောက်နိုင်ငံ သတင်းဌာနများ၏ ပြောဆိုချက်သည် မမှန်ကန်ဟု အီရန်တော်လှန်ရေး အစောင့်တပ်၏ ထိပ်တန်းအရာရှိတစ်ဦးက ငြင်းဆိုလိုက်ကြောင်း အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သော ပရက်စ်တီဗွီလိုင်းမှ ကြေညာသွားသည်။

သတိပေး

အမေရိကန် ရေတပ်မှ ကန်ထရိုက်စာချုပ်ဖြင့် ငှားရမ်းထားသောသင်္ဘောတစ်စင်းက ပင်လယ်ကွေ့တွင် အီရန်အမြန်ရေယာဉ်နှစ်စင်းကိုကြာသပတေးနေ့တွင် သတိပေးပစ်ခတ်ခဲ့သည်ဟု အမေရိကန် တာဝန်ရှိသူများက ပြောကြားသည်။

ချဉ်းကပ်လာ

ဖောက်စ်သတင်းဌာနကအမေရိကန်စစ်ဌာနချုပ် ပင်တဂွန်၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ပြောကြားရာတွင် ကန်ထရိုက်သင်္ဘောဝက်စ်ဝတ်ဗင်ချားအနီးသို့ အီရန်ရေယာဉ်များ ချဉ်းကပ်လာစဉ် ၎င်းသင်္ဘောသည် အီရန်ကမ်းခြေမှ ကီလိုမီတာ ၈၀ ခန့်ကွာဝေးကြောင်း ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အစ္စရေးက ပိတ်ပင်ထားသည့် နယ်စပ်ကို ပြန်ဖွင့်ပေးရန် ဆန္ဒပြတောင်းဆိုနေကြသောပါလက်စတိုင်းများအား ဧပြီ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်ရှိ ပိုလန်သံရုံး ဒုံးကျည်ဖြင့် တိုက်ခိုက်ခံရ

ဝါဆော ဧပြီ ၂၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ပိုလန်သံရုံးအား ဧပြီ ၂၄ရက်က ဒုံးကျည်ဖြင့် တိုက်ခိုက်မှုကြောင့် လုံခြုံရေး အစောင့်တစ်ဦး ဒဏ်ရာရရှိကြောင်း ပိုလန်နိုင်ငံခြားရေးဝန်ကြီး ရာဒိုစလောဆီကောစကီက ပြောကြားသည်။

ယခုနှစ်ကုန်တွင် အီရတ်နိုင်ငံမှ တပ်ဖွဲ့များ ရုပ်သိမ်းရန် အစီအစဉ်ကို ပိုလန်နိုင်ငံက ပြောင်းလဲမည်မဟုတ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

ပိုလန်သံရုံးသည် ဘဂ္ဂဒက်မြို့ အစိမ်းရောင်နယ်မြေရှိ အမေရိကန်သံရုံးမှ မီတာ ၁၀၀ခန့်အကွာတွင် တည်ရှိသည်။ အမေရိကန်သံရုံးအား ပစ်မှတ်ထားပြီး စစ်သွေးကြွများက မကြာခဏ တိုက်ခိုက်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို ဧပြီ ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ ယာဉ်မတော်တဆမှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၅

အီရတ်နိုင်ငံမြောက်ပိုင်းတွင် ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ကြာသပတေးနေ့တွင် ပြောကြားသည်။ ၎င်း တပ်ဖွဲ့ဝင်နှစ်ဦးသည် မြောက်ပိုင်းရှိ တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ရန် သွားစဉ် ဆာလာဟူဒင် ပြည်နယ်တွင် ဧပြီ ၂၃ ရက်က ၎င်းတို့ယာဉ် လမ်းဘေးထိုးကျခဲ့ခြင်းဖြစ်ကြောင်း စစ်ဘက်က ပြောကြားသည်။

ဒဏ်ရာရ

ယင်းဖြစ်ပွားမှုတွင် အခြားတပ်ဖွဲ့ဝင်တစ်ဦးနှင့် စကားပြန် တစ်ဦးတို့လည်း ဒဏ်ရာရရှိခဲ့သည်။

စောစောပိုင်းကလည်း ဘဂ္ဂဒက်မြို့ အရှေ့ပိုင်းတွင် လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် တပ်ဖွဲ့ဝင် တစ်ဦး သေဆုံးကြောင်း စစ်ဘက်က ပြောကြားသည်။

သေဆုံး

အီရတ်စစ်ပွဲ ဖြစ်ပွားပြီးနောက် အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးမှုဦးရေသည် ၄၀၅၀ကျော်ပြီဖြစ်ကြောင်း ပင်တဂွန် စစ်ဌာနချုပ်အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီဂျစ်၌ အထည်စက်ရုံမီးလောင်မှု

ဒေါ်လာသန်း ၂၀ ခန့် ဆုံးရှုံးပြီး အလုပ်သမား ၂၀ ဒဏ်ရာရ

အစ်မီလီယာ(အီဂျစ်) ဧပြီ ၂၇

အီဂျစ်နိုင်ငံ အစ်မီလီယာမြို့ရှိ အထည်စက်ရုံတွင် ဧပြီ ၂၄ ရက်က မီးလောင်မှုဖြစ်ပွားရာ ပျမ်းမျှအားဖြင့် တန်ဖိုးငွေ အမေရိကန်ဒေါ်လာ သန်း ၂၀ခန့် ပျက်စီးဆုံးရှုံးရသည်။ မီးခိုးမွန်းကျပ်မှုကြောင့် အလုပ်သမား ၂၀ကို ဆေးရုံသို့ တင်ပို့ရကြောင်း ဆေးရုံက ပြောကြားသည်။

ကိုင်ရိုမြို့တော် အရှေ့မြောက်ဘက် ကီလိုမီတာ ၁၂၀ အကွာရှိမြို့၏ စက်ရုံနေရာသို့ မီးငြိမ်းသတ်ရန် ရဟတ်ယာဉ်လေးစင်းနှင့် မီးသတ်ကား ၃၀ကျော်ကို မီးသတ်ဌာနက စေလွှတ်ခဲ့သည်။ မီးလောင်မှု ဖြစ်ပွားသည့် အကြောင်းရင်း မသိရသေးကြောင်း၊ မီးလောင်မှုသည် အထည်များ သိုလှောင်ခန်းအတွင်းမှ စတင်ဖြစ်ပွားပြီး စက်ရုံ၏ နားနေခန်းသို့ ကူးစက်လောင်ကျွမ်းခဲ့ကြောင်း လုံခြုံရေးအဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တူနီးရှား ပင်လယ်တွင် မော်တော်ဘုတ် တိမ်းမှောက် ခိုးဝင်သူများအနက် သုံးဦးသေဆုံးပြီး ၂၀ပျောက်ဆုံးနေ

တူနီးရှား ဧပြီ ၂၆

ဥရောပသို့သွားမည့် တရားမဝင် အလုပ်သမားများ လိုက်ပါလာသော မော်တော်ဘုတ်ငယ်တစ်စင်း တူနီးရှား ပင်လယ်ကမ်းခြေတွင် တိမ်းမှောက်ခဲ့ရာ သုံးဦး၏အလောင်းကို ကမ်းခြေစောင့်များက ရှာဖွေတွေ့ရှိခဲ့ပြီး ၂၀ ဦးထက်မနည်း ပျောက်ဆုံးလျက်ရှိကြောင်း မျက်မြင်တွေ့ရှိသူများ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းစာများက ရေးသားခဲ့သည်။

ပြောင်းရွှေ့အလုပ်သမားများသည် လွန်ခဲ့သောအပတ်က အီတလီနိုင်ငံရှိ လစ်ပီဒူစာကျွန်းသို့ ထွက်ခွာခဲ့ခြင်းဖြစ်ကြောင်း၊ ပြောင်းရွှေ့ရခြင်း၏ အဓိက အကြောင်းတစ်ခုမှာ ဆင်းရဲသား အာဖရိကသားများအနေဖြင့် ဥရောပတွင် ဘဝသစ်တစ်ခု ထူထောင်ရန် မျှော်လင့်ထားခြင်းပင်ဖြစ်ကြောင်း တူနီးရှား သတင်းစာ အက်ကိုရက်က ဖော်ပြသည်။

အလောင်းသုံးလောင်းကို ချက်ဘာမြို့ အရှေ့ဘက် ပင်လယ်ကမ်းခြေတွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ပါကစ္စတန် အနောက်မြောက်ပိုင်း၌ ကားဗုံးပေါက်ကွဲ သုံးဦးသေဆုံးပြီး ၁၅ ဦးဒဏ်ရာရရှိ

အစ္စလာမ္မာဘတ် ဧပြီ ၂၇

ပါကစ္စတန်နိုင်ငံအနောက်မြောက်ဘက်ရှိ မာဒင်မြို့တွင် ဧပြီ ၂၅ ရက်က ရဲစခန်းတစ်ခု၏ အပြင်ဘက်၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် အနည်းဆုံးသုံးဦး သေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ယင်းဗုံးပေါက်ကွဲမှုကြောင့် ရဲစခန်းနှင့် အနီးအနားရှိ ဈေးဆိုင်ခန်း အချို့ ပျက်စီးခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ပြန်လည်ဖောက်ခွဲ

ပြီးခဲ့သည့်မတ်လကုန်၌ အစိုးရသစ်အာဏာရရှိပြီးကတည်းက လုံခြုံရေးတပ်ဖွဲ့များကို စစ်သွေးကြွများ တိုက်ခိုက်မှုရပ်ဆိုင်းခဲ့ရာမှ ယခုတစ်ဖန်ပြန်လည်ဖောက်ခွဲတိုက်ခိုက်မှုများ ပြုလုပ်လာခြင်းဖြစ်သည်။ *အမ်အင်အေ၊ရိုက်တာ။*

တာဂျီကစ္စတန်တွင် ကျိုင်းကောင်များ ကျရောက် နှိမ်နင်းရန် အကူအညီလိုအပ်နေ

ဂျီနီဗာ ဧပြီ ၂၇

တာဂျီကစ္စတန်တွင် ကျိုင်းကောင်များကျသဖြင့် စားနပ်ရိက္ခာထောက်ပံ့မှုကိုခြိမ်းခြောက်လျက်ရှိသည့်အတွက် နှိမ်နင်းရန် အရေးပေါ်အကူအညီများ လိုအပ်နေကြောင်း ကုလသမဂ္ဂက ဧပြီ ၂၄ ရက်တွင် ကြေညာသည်။

နိုင်ငံ၏ မြေဟက်တာပေါင်း ၁၅၀၀၀၀ကျော်တွင် ကျိုင်းကောင်ဥများဖြင့် ဖုံးလွှမ်းလျက်ရှိကြောင်း၊ အကောင်ပေါက်ခါနီးအဆင့်သို့ရောက်ရှိနေကြောင်း ကုလသမဂ္ဂ လူသားရေးရာ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ရုံးများ (အိုစီအိပ်ချ်အေ)မှ အယ်လီဇဘတ်ဘေယာက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်နစ္စတန်နိုင်ငံနှင့် အီရန်နိုင်ငံနယ်စပ်ရှိ နှစ်ဖက်တပ်ဖွဲ့များ ရင်ဆိုင်တွေ့ဆုံရာဒေသတွင် အီရန်လက်နက်ကိုင်တပ်ဖွဲ့အချို့ကို ဧပြီ ၂၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အင်ဒိုနီးရှားတွင် ကျောက်မီးသွေးလောင်စာသုံး ဓာတ်အားပေးစက်ရုံများတည်ဆောက်ရေး ဒေါ်လာ ၈၈၉ သန်းကျော်ဖိုး လုပ်ငန်းကန်ထရိုက် တရုတ်ကုမ္ပဏီများရရှိ

ဂျကာတာ ဧပြီ ၂၇

အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံပိုင်စွမ်းအင်ကုမ္ပဏီ ပီအယ်လ်အင်သည် နိုင်ငံတွင်း၌ ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးအတွက် ကန်ထရိုက်လုပ်ငန်းကို တရုတ်နိုင်ငံမှ ကုမ္ပဏီများနှင့် ချုပ်ဆိုပြီးစီးပြီဖြစ်ကြောင်း ဧပြီ ၂၆ ရက်ထုတ် ဒေသသတင်းစာများက ဖော်ပြသည်။

ထိုကန်ထရိုက်လုပ်ငန်းတစ်ခုလုံး၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၈၉ ဒသမ ၄ သန်းရှိသည်။ ပီအယ်လ်အင်ကချုပ်ဆိုသော စာချုပ်မှာနှစ်ခုဖြစ်သည်။ ပထမစာချုပ်မှာ အမေရိကန်ဒေါ်လာ ၆၄၂သန်းတန်ဖိုးရှိပြီး ချုပ်ဆိုသော တရုတ်ကုမ္ပဏီများမှာ တရုတ်အမျိုးသားစက်မှုကော်ပိုရေးရှင်းနှင့် တရုတ် အမျိုးသား လျှပ်စစ်ကိရိယာကုမ္ပဏီတို့ဖြစ်သည်။

ပထမစာချုပ်အရ တည်ဆောက်မည့်စက်ရုံသည် ဂျာဗားအရှေ့ပိုင်းတွင် တည်ရှိမည်ဖြစ်ပြီး ထိုသန့်ရှင်းအာဝါ-အာဝါစက်ရုံသည် ဓာတ်အား မဂ္ဂါဝပ် ၇၀၀ ထုတ်လုပ်ပေးမည်ဖြစ်သည်။ ဒုတိယစာချုပ်၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၄၇ဒသမ၄သန်း တန်ဖိုးရှိကာ လျှပ်စစ်ဓာတ်အား ပမာဏ မဂ္ဂါဝပ် ၂၀၀ ထုတ်လုပ်ပေးမည်ဖြစ်သည်။

အာချေးဒေသ၌ တည်ဆောက်မည့် နဂန်ရာယာ စက်ရုံကို တရုတ်နိုင်ငံမှ ဆီနိုဟိုင်ဒြိုကော်ပိုရေးရှင်းက တာဝန်ယူတည်ဆောက်မည်ဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းစာက ဖော်ပြသည်။ ထိုစက်ရုံများသည် ၂၀၁၁ခုနှစ် ဇန်နဝါရီတွင် စတင်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကြေးမုံ The Mirror

နိုင်ငံတကာသတင်းများ

မူးယစ်ဆေးဝါးဂိုဏ်းအချင်းချင်း ပစ်ခတ်မှုကြောင့် အမေရိကန်နယ်စပ်အနီး မက္ကဆီကိုတွင် ၁၇ဦးသေဆုံး

တီဂျူဝါနာ (မက္ကဆီကို) ဧပြီ ၂၈

မက္ကဆီကိုနိုင်ငံတွင် သုံးနှစ်အတွင်း မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အဆိုးရွားဆုံးသော ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် မက္ကဆီကိုမှ မူးယစ်ဆေးဝါးဂိုဏ်းအဖွဲ့ဝင် ၁၇ ဦးတို့ အမေရိကန်နယ်စပ်အနီးတွင် စနေနေ့ကသေဆုံးခဲ့ကြောင်း၊ ၎င်းတို့၏ အလောင်းများသည် လမ်းပေါ်တွင် ပြန့်ကျဲလျက်ရှိနေကြောင်း ရိုက်တာသတင်းအရ သိရှိရသည်။

မက္ကဆီကို - ကယ်လီဖိုးနီးယားနယ်စပ်အနီး တီဂျူဝါနာမြို့ရှိ အာရယ်လန်နိုဖီလစ် မူးယစ်ဆေးဝါးဂိုဏ်းမှ ပြိုင်ဘက်အုပ်စု အချင်းချင်း နံနက်စောစောပိုင်းတွင်ရိုင်ဖယ်သေနတ်များ၊ စက်သေနတ်များဖြင့် ပစ်ခတ်ကြသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံး

မြို့အရှေ့ပိုင်းဒေသ၏ လမ်းမပေါ်တွင် သေဆုံးသူ ၁၄ ဦး၏ အလောင်းများ သွေးအိုင်အတွင်းရှိနေပြီး သေဆုံးသူများမှာ သေနတ်ဒဏ်ရာ အများအပြားဖြင့် သေဆုံးနေကြခြင်းဖြစ်သည်။

၁၅ ဦးမြောက်အလောင်းကို ယင်းဖြစ်ရပ်ဖြစ်ပွားရာအနီးမှ နောက်ထပ်တွေ့ရပြီး နှစ်ဦးမှာ ဒဏ်ရာဖြင့် ဆေးရုံတွင် သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

လူခြောက်ဦးဒဏ်ရာရရှိပြီး အခြားလူခြောက်ဦး အဖမ်းခံရကာ ဂိုဏ်းဝင်အချို့ ထွက်ပြေးလွတ်မြောက်လျက်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

စရိုက်နည်း ကျန်းမာရေးစောင့်ရှောက်မှုစနစ် သမ္မတလောင်း မက်ကိန်း ပြောကြားမည်ဟုဆို

မီယာမီ ဧပြီ ၂၈

ရီပတ်ဘလီကန်ပါတီ သမ္မတလောင်းအဖြစ် ရွေးချယ်ခံရသော ဂျွန်မက်ကိန်းသည် ကုန်ကျစရိတ် နည်းနည်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုတိုးတက်စေသော နည်းလမ်းကို အကျိုးအကြောင်း နှင့်တကွ တနင်္လာနေ့တွင် ရှင်းလင်းပြောကြားမည်ဖြစ်သည်။

လည်ပတ်မည်

၎င်း၏ ကျန်းမာရေးစောင့်ရှောက်မှု အဆိုပြုချက်များအပေါ် သုံးသပ်ရန် တစ်ပတ်ကြာ လှုပ်ရှားမှုအဖြစ် တနင်္လာနေ့တွင် မီယာမီ ကလေးဆေးရုံသို့ သွားရောက် လည်ပတ်မည်ဖြစ်သည်။

အမေရိကန် နိုင်ငံသားများသည် တစ်မူထူးခြားသည့် ကျန်းမာရေးစောင့်ရှောက်မှု စနစ်တစ်ခုကို ရရှိကြမှာဖြစ်ကြောင်း၊ ၎င်းစနစ်တွင် ပိုမိုကောင်းမွန်သောကာကွယ်ရေး၊ ပူးပေါင်းဆောင်ရွက်မှု၊ အီလက်ထရွန်နစ်စနစ်ဖြင့် ကျန်းမာရေးမှတ်တမ်းတင်ခြင်း၊ ခေတ်အမီဆုံး ကုသနည်းများနှင့် ကုန်ကျစရိတ်နည်းပါးခြင်းတို့ ပါဝင်သည်ဟု ပြောကြားမည်ဖြစ်ကြောင်း မက်ကိန်းအတွက် ရေးသားထားသော မိန့်ခွန်းမှ ရိုက်တာသတင်းဌာနက ထုတ်နုတ်ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

ပေကျင်း အိုလံပစ်မီးရှူးတိုင်

ပေကျင်း အိုလံပစ်မီးရှူးတိုင် မြောက်ကိုရီးယားနိုင်ငံသို့ ဧပြီ ၂၈ ရက်က ရောက်ရှိလာစဉ်။ *(အင်တာနက်)*

ကိုလံဘီယာ ပြောက်ကျားများက အီကွေဒိုနယ်စပ်ကိုကျော်၍ စိန်ပြောင်းဖြင့် ပစ်ခတ်

ဘိုဂိုတာ ဧပြီ ၂၈

ကိုလံဘီယာနှင့် အီကွေဒိုနှစ်နိုင်ငံ၏ ဆက်ဆံရေးအခြေအနေ အဆင်မပြေဖြစ်လျက်ရှိစဉ် နောက်ဆုံးဖြစ်ရပ်အဖြစ် အက်ဖ်အေအာစီ (ဖာ့ခ်) ပြောက်ကျားများက ပြည်တွင်းဖြစ်စိန်ပြောင်းများဖြင့် အီကွေဒိုနယ်စပ်မှ တစ်ဆင့် ကိုလံဘီယာ တပ်ဖွဲ့ဝင်များအား ပစ်ခတ်ကြောင်း ကိုလံဘီယာစစ်ဘက်က စနေနေ့တွင် ပြောကြားသည်။

ကိုလံဘီယာတပ်ဖွဲ့က အီကွေဒိုနယ်မြေပိုင်နက်အတွင်းရှိ နယ်စပ်မှ လျှို့ဝှက် အခြေစိုက်စခန်းအား တိုက်ခိုက်ခဲ့ရာတွင် ဖာ့ခ်တပ်မှူးတစ်ဦး သေဆုံးခဲ့ပြီးနောက် ပြဿနာဖြစ်ပွားကာ အီကွေဒိုသမ္မတ ရေဖယ်ကော်ရီယာက ကိုလံဘီယာနှင့် သံတမန်အဆက်ဖြတ်ခဲ့သည်။

ဖာ့ခ်ပြောက်ကျားများက စိန်ပြောင်းများဖြင့် အီကွေဒို နယ်စပ်ဘက်မှ တောင်ပိုင်း ပူတူမာယိုပြည်နယ်ရှိ ကိုလံဘီယာ တပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု ကိုလံဘီယာစစ်တပ်မှ တပ်မှူး ဗိုလ်ချုပ်ကြီး မာရီယိုမွန်တိုယာက ပြောကြားသည်။ ယင်းသို့တိုက်ခိုက်စဉ် ကိုလံဘီယာ တပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်အရှေ့ပိုင်း ရှန်တုန်းပြည်နယ်၌ ရထားနှစ်စင်းတိုက်၊ ၇၀ သေဆုံး

ကျိုနန် ဧပြီ ၂၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံအရှေ့ပိုင်း ရှန်တုန်းပြည်နယ်တွင် တနင်္လာနေ့စောစောပိုင်းက ရထားနှစ်စင်းတိုက်မိသဖြင့် ယခုအချိန်အထိ အနည်းဆုံး လူ ၇၀ သေဆုံးပြီး ၄၀၀ ကျော် ဒဏ်ရာရရှိကြောင်း မီးရထားအာဏာပိုင်များက အတည်ပြုပြောကြားသည်။

ရှန်တုန်းအခြေစိုက် ကျိုနန်မီးရထားဌာနချုပ်က ဒဏ်ရာရရှိသူ ၇၀ သည် စိုးရိမ်ရသော အခြေအနေရှိကြောင်း ပြောသည်။

တိုက်မိ

ပေကျင်းမှ ကျင်ဒေါက်သို့သွားသော ခရီးသည်တင်ရထားနှင့် ရှန်တုန်းပြည်နယ် ယန်တိုင်းမှ ကျန်စုပြည်နယ် အရှေ့ပိုင်းစူးကျိုးသို့သွားသော ခရီးသည်တင်ရထားတို့ တိုက်မိကြခြင်းဖြစ်သည်။

ပေကျင်းမှလာသော တီ ၁၉၅ ရထားသည် ရှန်တုန်းပြည်နယ် ဇီဘိုမြို့တွင် နံနက် ၄ နာရီခွဲကျော်ခန့်က လမ်းချော်ပြီး ရထားတွဲ ၁၀ တွဲ မြောင်းထဲသို့ ထိုးကျခဲ့သည်။

ထိုလမ်းချော်သောရထားသည် ယန်တိုင်း ရထား ၅၀၃၄ ကို တိုက်မိပြီး အဆိုပါ အတိုက်ခံရသောရထား၏ တွဲများလည်း မြောင်းထဲသို့ ထိုးကျခဲ့သည်။ ပြည်နယ်မြို့တော် ကျိုနန်၏ အရှေ့ဘက် ကီလိုမီတာ ၇၀ ခန့် ဝေးသော ဇီဘိုမြို့ ဆင်ခြေဖုံးရပ်ကွက်ရှိ ဝပ်ကျင်းဘူတာရုံနှင့် ကျူကန်ခရိုင်အကြား၌ရှိသည့် ဟီဂျီကန်ကျေးရွာတွင် တိုက်မိခြင်းဖြစ်သည်။

ဒဏ်ရာရရှိသူဒါဇင်ပေါင်းများစွာသည် ကျူကန် ပြည်သူ့ဆေးရုံ၌ ကုသလျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ ရှန်တုန်းပြည်နယ်တွင် ဧပြီ ၂၈ ရက်က ရထားနှစ်စင်းတိုက်မိပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာအားကစား

ဖိုင်နယ်တက်ရေး အဆုံးအဖြတ်ပေးတော့မည့် ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ဒုတိယအကျော့ (ဧပြီ ၃၀၊ မေ ၁)

ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်များကို ဧပြီ ၂၃ နဲ့ ၂၄ရက်တို့မှာကျင်းပခဲ့ရာ နျူးကမ့်ကွင်းမှာ ဘာစီလိုနာနဲ့ မန်ယူတို့ဂိုးမရှိသရေကျခဲ့ပြီး အန်ဖီးလ်ကွင်းမှာ လီဗာပူးနဲ့ ချယ်လ်ဆီးတို့ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပါတယ်။ ပထမအကျော့ အဝေးကွင်းမှာ မန်ယူရော ချယ်လ်ဆီးပါ သရေကစားနိုင်ခဲ့တာကြောင့် ယခုအိမ်ကွင်းမှာ အားသာချက်ရှိသွားပြီဖြစ်ပါတယ်။

မန်ယူ-ဘာစီလိုနာ (ဧပြီ ၃၀)

ပထမအကျော့ အဝေးကွင်းမှာ တစ်ဖက်သတ်အဖိခံရပြီး တိုက်စစ်ထက်မြက်လှတဲ့ ဘာစီလိုနာကို သရေခံကစားနိုင်ခဲ့တဲ့ မန်ယူရဲ့ ခံစစ်နဲ့ ဂိုးသမားကို ချီးကျူးရမှာပါ။ ယခုဒုတိယအကျော့မှာ ဘာစီလိုနာရဲ့နောက်ခံလူမားကွက်ဇ် ပွဲပယ်ထိထားပေမယ့် အသင်းခေါင်းဆောင် ပူယိုးကတော့ ပြန်လည်ပါဝင်လာမှာပါ။ မန်ယူမှာ ဗီဒစ်ဒဏ်ရာကြောင့် ပါဝင်ဖို့မသေချာသလို ဝိန်းရွှန်နေးလည်းကြံ့ခိုင်မှု အပြည့်အဝမရှိပါဘူး။ ဒါကြောင့် ဘာစီလိုနာရဲ့ မက်ဆီ၊ ဟင်နရီနဲ့အီးတူးတို့ရဲ့ ထက်မြက်လှတဲ့ တိုက်စစ်အတွဲကို ဖာဂူဆန်ဘယ်လို တုံ့ပြန်ကာကွယ်မလဲဆိုတာ စောင့်ကြည့်ရမှာပါ။ ဒီပွဲမှာ အပြန်အလှန်ဂိုးသွင်းကြမှာဖြစ်ပေမယ့် ဖာဂူဆန်ရဲ့ နည်းဗျူဟာနဲ့ အိမ်ကွင်းအားသာချက်ကြောင့် အိမ်ရှင်မန်ယူတို့ပဲ ဖိုင်နယ်ကိုတက်သွားမှာပါ။

ချယ်လ်ဆီး-လီဗာပူး (မေ ၁)

ပထမအကျော့မှာ လီဗာပူးဟာ ချယ်လ်ဆီးထက် ကစားကွက်၊ ကစားအား ကောင်းမွန်သာလွန်ခဲ့ပေမယ့် ပွဲကစားချိန် နောက်ဆုံးစက္ကန့်အရောက်မှာ ကိုယ့်ဂိုးကိုယ်သွင်းပြီး သရေပွဲဖြစ်သွားခဲ့ရပါတယ်။ ယခု ဒုတိယအကျော့မှာ ပွဲပယ်ပြစ်ဒဏ်က လွတ်မြောက်လာတဲ့ ချယ်လ်ဆီးရဲ့ ကွင်းလယ်မှာအား အထားရဆုံးဖြစ်ပြီး ကွင်းလယ်အဖျက်ရော တိုက်စစ်တိုက်ရာမှာပါ ကောင်းမွန်လှတဲ့ အက်ဆီယန် ပြန်လည်ပါဝင်လာမှာဖြစ်တာကြောင့် လီဗာပူးတို့ကို အခက်တွေ့စေဦးမှာပါ။ ချယ်လ်ဆီးတို့ဟာ ပရီမီယာလိဂ်ပွဲစဉ် (၃၆)မှာ မန်ယူကိုကစားသွားတဲ့ ခြေကကောင်းလွန်းလှပါတယ်။ လီဗာပူးဟာ ချန်ပီယံလိဂ်မှာ ခြေစွမ်းထက်တယ်ဆိုပေမယ့် ချယ်လ်ဆီးရဲ့ အိမ်ကွင်းနိုင်ပွဲ စံချိန်ကို ချိုးဖျက်နိုင်မှာမဟုတ်ပါဘူး၊ ဒါကြောင့် ဂရန့်လက်ထက်မှာ ချယ်လ်ဆီးတို့ သမိုင်းသစ်ထူနိုင်ဖို့ သေချာသလောက်ရှိနေပါပြီ။

ဝင်းတင်(ကြေးမုံ)

❑ မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း . . .

❑ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း . . .

❑ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း . . .

❑ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားသူတိုင်း . . .

❑ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း . . .

ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

တိုင်းရင်းသားအားလုံးရဲ့အသံ

အစုအဖွဲ့ (ဂ)ဖွဲ့နဲ့
ဖွင့်လှစ်ခဲ့ ညီလာခံ။
အမျိုးသားရေး နှီးကြားသွေးနဲ့
ရေးဆွဲခဲ့အမှန်။
တိုင်းရင်းသား အားလုံးရဲ့အသံ
အခြေခံဥပဒေမူကြမ်း။
မိုးနဘဲ ဒို့အသံရောက်အောင်
ထောက်ခံလိုက်စမ်း။ ။

သီရိခင်(ဒဂုံ)

● မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်။
အခြေခံဥပဒေဖြင့်သာ
ဒီမိုကရေစီ ရနိုင်သည်။

● ဒို့အနာဂတ် ဒို့ဖန်တီးဖို့
အခြေခံဥပဒေ အတည်ပြုစို့။

ကြည့်ရှုအားပေး

အမျိုးသားကျန်းမာရေးကော်မတီဝင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)နှင့် ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၂၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီ မိနစ် ၅၀ တွင် နေပြည်တော် လယ်ဝေးရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဝင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်တက်ရောက်၍အမှာစကားပြောကြားသည်။

တက်ရောက်

ဖွင့်ပွဲ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌဒေါ်ခင်လေးမြင့်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဒေါ်အေးအေး၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင်အမျိုးသားကျန်းမာရေးကော်မတီဝင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာတွင် **စာမျက်နှာ ၉ ကော်လံ ၄ သို့** ✧

ဒီမိုကရေစီ ရရှိဖို့ မဲရုံသွား၍ မဲပေးစို့။